# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၅)


## ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လျှပ်စစ်မီးမလိုအပ်ဘဲ အင်ဂျင်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်နိုင် ပိုမိုတိုးတက်ကောင်းမွန်သည့်စက်များ စဉ်ဆက်မပြတ်တီထွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးစက်မှုဇုန် စစ်ဆေးမှာကြား

**နေပြည်တော် စက်တင်ဘာ ၁၄**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ရက် နံနက် ၈နာရီခွဲက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန် ၆၂လမ်း C 1 ရှိ Jewellery Luck Co.,Ltd. ၏ သစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံအထွေထွေမန်နေဂျာ ဦးနိုင်နိုင်လင်းက သစ်မှုန့်၊ သစ်စ အလေအလွင့်များကို အသုံးပြုပြီး Wood Gas ထုတ်လုပ်၍ ဒီဇယ်ဆီနှင့်ပေါင်းစပ်ကာ အင်ဂျင်လည်ပတ်ပုံနှင့် စက်သုံးဆီ လုံးဝအသုံးပြုရန်မလိုအပ်ဘဲ Wood Gas ဖြင့် အင်ဂျင်လည်ပတ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်က ထုတ်လုပ်သော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြန်မာ့အလင်း ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

**နာဆာမှ စေလွှတ်ထားသော ကတ်စီနီ အာကာသယာဉ်သည် စနေဂြိုဟ် အရံလ တစ်ခုအနီးသို့ ချဉ်းကပ်လေ့လာလျက်ရှိရာမှ စက်တင်ဘာ ၁၃ရက်က ၎င်းအရံလ၏ အနီးကပ်ဆုံး မြင်ကွင်းဓာတ်ပုံကို နာဆာမြေပြင်စခန်းသို့ ပေးပို့ခဲ့ကြောင်း သိရသည်။**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင် (စာ – ၉)



## ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ထုတ်ပြန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၁၄

**၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံများကို အောက်တိုဘာ ၆ ရက်(စနေနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။**

ဆက်သွယ်စုံစမ်းနိုင်

**အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို အောက်တိုဘာ ၆ရက်မှ ၂၁ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၀၂၂၅၈၊ ၅၂၅၆၁၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်)

# အာဟာရ မျှတစွာ စားသုံးခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်

လူသားတိုင်း အသက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် အာဟာရပြည့်ဝသော အစားအစာများကို စားသုံးရန် အရေးကြီးပေသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်များနှင့်ကလေးများ အာဟာရပြည့်ဝစေရန် အစားအစာများကို မျှတစွာ စားသုံးပေးသင့်သည်။

မြန်မာနိုင်ငံ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကို စက်တင်ဘာ ၁၅ရက်မှ ၂၁ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပမည် ဖြစ်သည်။

ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ပုဒ်မှာ အာဟာရပြည့်လျှင်ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ ဟူ၍ဖြစ်သည်။ အစားအစာများကို မျှတစွာစားသုံးပါက အာဟာရဓာတ် ပြည့်ဝနိုင်ရေးကို ဦးတည်ဖော်ညွှန်းခြင်း ဖြစ်သည်။

အဆိုပါ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ယူနီဆက် စသောအဖွဲ့အစည်းများ ပူးပေါင်း၍ အာဟာရပြည့် ဆေးလုံးများတိုက်ကျွေးကြမည် ဖြစ်သည်။

မိသားစုတိုင်း၌ လည်ပင်းကြီးရောဂါ မဖြစ်ပွားစေရန် အိုင်အိုဒင်းဆားကို စားသုံးရန်လိုအပ်သည်။ ကလေးငယ်များ ကြက်မျက်သင့်ရောဂါ မဖြစ်စေရန် ဗီတာမင်အေဆေးလုံး တိုက်ကျွေးရမည် ဖြစ်သည်။

အမျိုးသမီးများ သံဓာတ်ချို့တဲ့မှုမရှိစေရန် သံဓာတ်အားဆေးကို မှီဝဲရေး၊ အသက်ခြောက်လအထိ ကလေးများ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရေး၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများနှင့် မူလတန်း အရွယ်ကလေးများအား ခြောက်လတစ်ကြိမ် သန်ချဆေးတိုက်ကျွေးရေးနှင့် ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေး တိုက်ကျွေးရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။

သို့ဖြစ်ရာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ အာဟာရချို့တဲ့မှု မဖြစ်စေရန်အတွက် အစားအစာများကို မျှတစွာစားသုံးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်လုပ်ဆောင် သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ဗိုလ်တထောင် အထက(၆)၌ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု စွမ်းရည်ကို စစ်ဆေးမေးမြန်း၍ ပညာကြိုးစားသင်ယူရေး အားပေးမှာကြားကာ ဧည့်ခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာဝင်းမင်းလတ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သိပ္ပံလက်တွေ့စမ်းသပ်ခန်းများ၊ စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် Language Lab တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး ရည်ရွယ်

### မြဧရာ ဈေးသင်္ဘော ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၄

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး မြဧရာဈေးသင်္ဘောနှင့် ဘ-၈၀၉၊ဘ-၈၁၀ဈေးတွဲနှစ်တွဲတို့သည် ဆန်၊ဆား၊ မီးဖို၊ ပရိဘောဂ၊မီးဖိုချောင်သုံး ပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၁၁၄၃တန်ချိန်နှင့် ခရီးသည် ၅၈ဦးတို့ တင်ဆောင်ပြီး ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းမှ မန္တလေးမြို့သို့ ထွက်ခွာသွားသည်။**
(အောက်ပုံ)

အဆိုပါ ရန်ကုန်-မန္တလေး အကြီးအကဲ၏ လမ်းညွှန်မှုအရပြေးဆွဲ တစ်လျှောက်ရှိ မြို့၊ရွာများမှ မိမိတို့ မြဧရာ ဈေးသင်္ဘောကြီးကိုနိုင်ငံတော် ရခြင်းဖြစ်ပြီး ဧရာဝတီမြစ်ကြောင်း ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး အတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်၍ ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာဒေသများသို့ညအိပ်ရပ်နားကာ ဈေးရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တွင်အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိသည့် တောင်ဘက် စောင်းတန်းတော်ကြီး တည် ဆောက် ရန် အတွက် မရမ်းကုန်း မြို့နယ် အမှတ် (၃) ရပ်ကွက် အေးသီတာ လမ်း အမှတ် (၅)နေ ဒေါ်မြသန်းအားရည်စူး၍ ဦးဟုတ်ခင် သားသမီး၊ မြေးတစ်စုက ငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးအုန်းကြိုင်တို့က လက်ခံယူသည်။**
(က-ပ)

## အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ

### ငါး၊ ပုစွန် လုပ်ငန်းခွင်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ ငါး၊ ပုစွန်ပြုပြင်စက်ရုံ လုပ်ငန်းခွင်သင်တန်း ( On Site Training Course for Safety & Quality Assurance of Frozen Products) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရွှေပြည်သာစက်မှုဇုန်ရှိ ပြည်လုံးချမ်းသာထရေးဒင်းကုမ္ပဏီ အအေးခန်း စက်ရုံခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

## မြဝတီ ရုပ်မြင်သံကြား

**၁၅-၉-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၂၅ ၅။ ကျန်းမာသုတ
၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **အဝါရောင်ဗီးနပ်စ်** လူမင်း၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-သားကြီး)
၁၃း၅၀ ၇။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၃၀ ၈။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၉။ လျှပ်တစ်ပြက်
၆း၄၅ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ**(အပိုင်း-၂၁)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ မိုးလေဝသသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၆။ **(၄၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည် ဂုဏ်ပြု အစီအစဉ်**
**သုံးနာရီ သုံးဆယ့် ငါးမိနစ်** (အပိုင်း-၁) သူထူးစံ၊ ပပဝင်းခင် (ဒါရိုက်တာ-ရဲဝန်ထမ်းဟောင်း တစ်ဦး/စောချစ်စံ)




# (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

## ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ညှေ့အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ Mr. Yang Qingcai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ကြပြီး သစ်အချောထည်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သစ်ရောင်းဝယ်ရေး၊ သစ်တောစိုက်ခင်းများထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံရေးနှင့် သစ်တောပညာဆိုင်ရာနည်းပညာများ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့် တာဝန်ရှိသူများကကုန်ကြမ်းမှကုန်ချောရရှိသည်အထိ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လိုက်ပါရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စက်ရုံဝင်းအတွင်း ဖော်မီကာအပြားများ ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပြည်ကြီးတံခွန်မြို့နယ် ၅၁ လမ်းနှင့် ဖိုးရာဇာလမ်းထောင့်ရှိ မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်၏ သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်း၊ ပုံဖိစက်ရုံသို့ ရောက်ရှိပြီး သုံးကီလိုဝပ်ဒိုင်နမိုထုတ်လုပ်ပုံ၊ ကြက်ဆူဆီ မီးဖိုထုတ်လုပ်ပုံ အဆင့်ဆင့်နှင့်(အမ်အာရ်-၀၇၂) အမျိုးအစား ကြက်ဆူဆီကြိတ်စက်ကို အင်ဂျင်စက်ဖြင့် မောင်းနှင်ပြီး ကြက်ဆူဆီထုတ်ယူရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ တိုင်းမှူးက အဆိုပါ ကြက်ဆူဆီကြိတ်စက်သည် လျှပ်စစ်မီးမလိုအပ်ဘဲ အင်ဂျင်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်နိုင်ခြင်းကြောင့် ကျေးလက်များတွင် ကြက်ဆူဆီကို စက်ဖြင့် အလွယ်တကူထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တစ်စထက်တစ်စ ပိုမိုတိုးတက်ကောင်းမွန်သည့် စက်များကိုလည်း စဉ်ဆက်မပြတ် စမ်းသပ်တီထွင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။ အမ်အာရ်-၀၇၂ ကြက်ဆူဆီကြိတ်စက်သည် တစ်နာရီလျှင် ၂တင်းမှ ၂၃သမ၂၅ တင်းအထိ ကြိတ်ခွဲနိုင်ပြီးတစ်ကြိမ်တည်းနှင့်အစေ့မှ ဆီ ဖြစ်သည်အထိ ကြိတ်ခွဲနိုင်ကြောင်း သိရသည်။

### မှာကြား

ထို့နောက်တိုင်းမှူးသည် Foundary Shop စက်ရုံဝင်းအတွင်း Show Room တွင်ထုတ်လုပ်ပြီး နမူနာပြသထားသည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်စီအင်န်စီခန်းမတွင်စက်ပစ္စည်းများ တည်းဖြတ်တိုင်းထွာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါခန်းမတွင် မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်မှ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အစုရှယ်ယာအဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

### တင်ပြ

ထို့နောက် တိုင်းမှူးသည် ပြည်ကြီးတံခွန်မြို့နယ် (၅၉)လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား စက်မှုဇုန်ရှိ မန်းစတားမော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးရာလုပ်ငန်းရှင် ဦးမြင့်ဆွေက မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ဈေးကွက်တွင်ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၇ (စနေနေ့)

| AM / PM | |
|---|---|
| ၇:၀၀ – ၁:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ – ၁:၀၅ | "စိတ်ကိုပြုပြင်အလှဆင်" တရားတော်(ဒုတိယပိုင်း) [ဆရာတော်အရှင်သုဇာတ (ထန်းတပင်)] |
| ၇:၅၅ – ၁:၅၅ | Bonsai တို့ဖြစ်တည်ရာ Bonsai Villa |
| ၈:၁၅ – ၂:၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈:၅၀ – ၂:၅၀ | အဘိဓမ္မာတရား ပြန့်ပွားစေရန် ကမ္ဘာ့ပထမဆုံးမဟာသိပ္ပံ |
| ၉:၃၀ – ၃:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၀ – ၃:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ – ၃:၄၅ | အင်တာနက်Onlineပေါ်မှ စိတ်ဝင်စားဖွယ်ရာ "Website" |
| ၁၀:၁၀ – ၄:၁၀ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၁၀:၁၅ – ၄:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ – ၄:၂၀ | Fashion Guide (မျက်နှာအနေအထား အမျိုးမျိုးအတွက် မိတ်ကပ်လိမ်းခြယ်နည်းအဆင့်ဆင့် အပိုင်း-၁) |
| ၁၀:၄၅ – ၄:၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၅၀ – ၄:၅၀ | ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက် |
| ၁၁:၀၅ – ၅:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ – ၅:၁၀ | ထိမ်းမြားလက်ထပ် ပြီးစီးခြင်း (ဖြိုးကြီး၊ စိုးမြတ်နန္ဒာ) |
| ၁၁:၂၅ – ၅:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၃၅ – ၅:၃၅ | တုရိုင်းမမီအမွေနို့ရည် (တစ်ခန်းရပ်ပြဇာတ်) |
| ၁၂:၀၀ – ၆:၀၀ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၁၂:၀၅ – ၆:၀၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၂:၂၀ – ၆:၂၀ | တေးဂီတအစီအစဉ် |
| ၁၂:၂၅ – ၆:၂၅ | မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ |
| ၁၂:၄၀ – ၆:၄၀ | တေးဂီတအစီအစဉ် |
| ၁၂:၄၅ – ၆:၄၅ | Movie Mistakes (AIR FORCE ONE) |
| ၁:၀၀ – ၇:၀၀ | MRTV-4 အပိတ် Logo |

**(MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။)**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅:၀၀ | ပွဲကြိုသုံးသပ်ချက် | ESPN(Live) |
| ၅:၂၅ | Everton-Man Utd | ESPN(Live) |
| ၆:၁၀ | Portsmouth-Liverpool | Star Sports(Live) |
| ၇:၃၀ | Tottenham-Arsenal | ESPN(Live) |
| ၈:၂၅ | West Ham-Middlesbrough | Star Sports(Live) |
| ၉:၀၀ | Birmingham-Bolton | ESPN(Live) |
| ၁၀:၄၀ | Chelsea-Blackburn | ESPN(Live) |
| ၁၁:၃၀ | Sunderland-Reading | Star Sports(SDD) |

### Series A ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၀၀ | Lazio-Empoli | 5-Cartoon(Live) |

**တာမွေမြို့နယ် အမက (၂၈) မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်း နှစ်ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို သြဂုတ် ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွေးက ဘာသာစုံ ဂုဏ်ထူးရှင် မောင်အောင်မျိုးသန့်အား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာပေးအပ်စဉ်။** (က-ပ)



## အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး အကြမ်းထည်ပြီးစီး

**ရန်ကုန် စက်တင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် မြန်မာပြည်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီအဖွဲ့က အလှူခံဌာနများဖွင့်၍ အလှူခံခဲ့ကြသည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ယခုအခါ ထိုကျောင်းတော်ကြီးမှာ အကြမ်းထည်အားဖြင့် သုံးထပ်လုံးပြီးစီးနေပြီဖြစ်၍ အလှူခံလျက်ရှိသော အလှူခံဌာနများအားလုံးကို စက်တင်ဘာ ၂၆ ရက် (တော်သလင်းလပြည့်နေ့)မှစ၍ အလှူခံခြင်းများ ရပ်နားတော့မည်ဖြစ်သည်။

ဆက်လက်လှူဒါန်းလိုသော အလှူရှင်များသည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)ရှိ အလှူခံဌာန၌ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဒို့ကျေးရွာဂျာနယ် အတွဲ (၄)၊ အမှတ်(၁၈)ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၁၄**



ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၈)ကို စက်တင်ဘာ၁၅ရက် **(ယနေ့)**၌ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာ ဂျာနယ်တွင် မြေဆီလွှာရေရှည်တည်တံ့စေဖို့ ပြုပြင်ထိန်းသိမ်းကြပါစို့၊ ပြောင်းဖူးအထွက်တိုးစေမည့် နည်းလမ်းများ၊ ဘာပင်စိုက်စိုက် ဆီထွက်ပါတယ်၊ ဂျုံသီးနှံအထွက်တိုးစေဖို့၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံ မပုပ်မသိုးအောင် သိုလှောင်နည်းစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်ဒေသကြက်မွေးမြူရေး၊ ဝင်ငွေတိုးရေး ဘဲတစ်နိုင်မွေး၊ ကျွဲနွားကျပ်ဖုရောဂါစသည့် မွေးမြူရေးဆောင်းပါးများ၊ ကြောင်ပန်းကလေးရဲ့ ဆေးဖက်ဝင်အသုံး၊ သြဇာပင်ဆေးအာနိသင်၊ ကိုယ်ခန္ဓာနုပျိုစေမည့် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပါ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ပျော်ရွှင်စရာအိုးပုတ်ပွဲတော်၊ ဖတ်ချင်တာလေးရေးချင်တာလေး၊ ချည်မျှင်ထုတ်လုပ်ရာ မင်းရွာစံပြကျေးရွာ၊ အရုပ်ထဲမှာ ရှင်းအောင်နေ စသည့် အသိပညာပေးဆောင်းပါးများနှင့် ဘာ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ဘယ်လက် စသည့် ဝတ္ထုတိုအပြင် ပုံပြင်၊ ဟာသ၊ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-(၃၇၁၃၄၀၊ ၃၇၁၃၄၂)တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ရင်းနှီးမြှုပ်နှံစို့

မောင်အောင် (မွေး/ကု)

**"ကိုကြီးအောင်ရေ"** ပြီးခဲ့တဲ့အပတ်က သတင်းစာထဲမှာ ခင်ဗျားတို့ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ မွေးမြူရေးဇုန် စီမံကိန်းတွေအကြောင်း ဖတ်ရတာ အတော်လေး အားရတယ်ဗျာ။ အထူးသဖြင့် အစိုးရအလုပ် တစ်သက်လုံး လုပ်လာခဲ့ပြီး ပင်စင်ယူခါနီးချိန်မှာ အဲဒီဆောင်းပါး ဖတ်လိုက်ရတာ အတော်လေး ဝမ်းသာသွားတယ်။ အားလည်း ရှိလာတယ်။ အဲဒါကြောင့် အသေးစိတ်ကလေးတွေ ထပ်ပြီးသိချင်လို့ ခင်ဗျားဆီထွက်လာခဲ့တာ။

တနင်္ဂနွေနေ့ ဖြစ်သဖြင့် နေပြည်တော်ရှိ စံပယ်အိမ်ရာတွင် အေးအေးဆေးဆေး အနားယူရင်း "နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒများ"ကို လေ့လာနေသည့် ကျွန်တော့်အား ကိုကြီးမောင်က ရောက်မဆိုက် မေးမြန်းလာပါသည်။

**ကိုကြီးအောင်။** ရပါတယ်ဗျာ၊ ခင်ဗျားသိချင်တာတွေ ဖြေပေးရမှာပေါ့။ အမောလေးဖြေပြီး ရေနွေးကြမ်းကလေး သောက်ပါဦး။

**ကိုကြီးမောင်။** သောက်ပါ့မယ်ဗျာ။ ကျွန်တော် သိချင်တာက အဲဒီဆောင်းပါးထဲမှာ နို့စားနွားမွေးမြူရေး၊ သိုး၊ ဆိတ်နဲ့ ကြက်၊ ဝက် မွေးမြူရေးတွေ ပါတယ်။ အဲဒီတော့ အဲဒီတိရစ္ဆာန်တွေ မွေးဖို့ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ကို ခင်ဗျားတို့ ဝန်ကြီးဌာနက ပေးမှာလား၊ ကိုယ့်ဘာသာ ရှာရမှာလား။ အဲဒါ သိချင်တယ်။

**ကိုကြီးအောင်။** တိရစ္ဆာန်မျိုးတွေနဲ့ ပတ်သက်လို့ ကြက်နဲ့ဝက်ကို ကျွန်တော်တို့ ဝန်ကြီးဌာန မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းက မျိုးဖြန့်ပေးနေတယ်။ အသားစားကြက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနက မိဘမျိုးရိုး ကြက်ခြံတွေမှာ သုတေသနပြုထုတ်လုပ်နေတာ အတော်လေး အောင်မြင်နေပြီ။ ဥစားကြက် ကတော့ ကျွန်တော်တို့ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းက တချို့တစ်ဝက် ပေးနိုင်သလို ပုဂ္ဂလိက ကြက်ခြံတွေကလဲ ဖြန့်ပေးနိုင်ပါတယ်။ အရေးကြီးတာကတော့ ဘယ်ခြံကပဲ ဖြစ်ဖြစ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှာ မှတ်ပုံတင်ထားပြီး မျိုးတိရစ္ဆာန် ဖြန့်ဖြူးခွင့်လက်မှတ် ထုတ်ပေးထားတဲ့ မျိုးခြံဖြစ်ဖို့ပါပဲ။ အဲဒါမှ ကူးစက်ရောဂါ ကင်းရှင်းပြီး တရားဝင် ဖြန့်ဖြူးရောင်းချခွင့်ရမှာ ဖြစ်ပါတယ်။ နွားနဲ့သိုး၊ ဆိတ်မျိုးကတော့ ကျွန်တော်တို့ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာ မျိုးကောင်းမျိုးသန့် မျိုးရည်ချောင်းတွေ ရှိပါတယ်။ အဲဒီ မျိုးရည်ချောင်းတွေနဲ့ မွေးမြူရေး လုပ်ငန်းရှင်တွေ မေထုန်မဲ့ သားစပ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

**ကိုကြီးမောင်။** အေးဗျာ၊ အဲဒါဆိုရင်တော့ ကောင်းပါတယ်။ အဲ-ဒါပေမယ့် မွေးမြူရေးက လွယ်မယောင်ယောင်နဲ့ ခက်တော့ ခက်တယ်ဗျာ၊ လူအတော်များများ တိရစ္ဆာန် တစ်ကောင်စ၊ နှစ်ကောင်စ မွေးမြူဖူးပေမယ့် စီးပွားဖြစ်ကျတော့ မမွေးဖူးဘူး။ အဲဒီတော့ နည်းပညာ လိုတယ်။ အဲဒီနည်းပညာ ကျတော့ရော။

**ကိုကြီးအောင်။** နည်းပညာအပိုင်းကို ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အနီးကပ် ကူညီဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ မြို့နယ် ၃၂၅ မြို့နယ်မှာ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းတွေ နိုင်ငံတော်က ခန့်အပ်ထားပါတယ်။ အဲဒီ ဝန်ထမ်းတွေက မွေးမြူလိုသူတွေကို နည်းပညာပိုင်း အနေနဲ့ ကူညီဖို့ အသင့်ပါ။

**ကိုကြီးမောင်။** အဲဒါဆိုရင်တော့ ကောင်းပါလေ့ဗျာ။ ခင်ဗျားတို့ ဝန်ကြီးဌာနက မွေးမြူရေး လုပ်ချင်သူတွေအတွက် မွေးမြူရေး ဇုန်တွေ ဖော်ထုတ်ပေးတယ်၊ မျိုးကောင်း မျိုးသန့် တိရစ္ဆာန်တွေရအောင် စီစဉ်ပေးတယ်၊ ပြီးတော့ နည်းပညာပိုင်းမှာလဲ ကူညီတယ်ဆိုတော့ အတိုင်းထက် အလွန်ပေါ့။ ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာက "တစ်တက်စားလဲ ကြက်သွန်၊ နှစ်တက်စားလဲ ကြက်သွန်" ဆိုလိုတာက တစ်ကောင် နှစ်ကောင်၊ တစ်ရာနှစ်ရာ မွေးလို့တော့ အကျိုးအမြတ်က နည်းတယ်ဗျ။ အဲဒီတော့ များများမွေးဖို့ လိုတယ်။ များများမွေးဖို့က အရင်းအနှီး ရှိရင်တော့ မထောင်းတာပါဘူး။ အရင်းအနှီးမရှိရင် ဘယ်လိုလုပ်မလဲ။ အရင်းအနှီးအတွက်ရော ခင်ဗျားတို့ ဝန်ကြီးဌာနက ဘာလုပ်ပေးသေးလဲ၊ အားတော့နာပါတယ်ဗျာ၊ ငွေလေး ဘာလေး ချေးမပေးဘူးလား။



မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူထားသော ဝက်မတစ်ကောင်မှ ဝက်ငယ် ၁၀ကောင် ပေါက်ဖွားသည်ကို ဤသို့တွေ့ရသည်။

**ကိုကြီးအောင်။** ငွေချေးပေးတဲ့ကိစ္စ ခင်ဗျား မေးမှ မေးပါ့မလားလို့ ကျွန်တော်က တွေးပူနေတာ။ ကျွန်တော်ထင်တဲ့အတိုင်း ခင်ဗျားမေးလာတာပဲ။ ကျွန်တော်တို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန သားငါးကဏ္ဍနဲ့ ပတ်သက်ပြီး နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ချက် သုံးချက် ချမှတ်ထားတယ်။ အဲဒါကတော့

- **သားငါး မျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊**
- **ပုစွန်မွေးမြူရေးလုပ်ငန်း တိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့်**
- **ကျေးလက်ဒေသမွေးမြူရေး ဖွံ့ဖြိုးမှု လုပ်ငန်းများ ဖောက်ချဆောင်ရွက်ရန်**တို့ ဖြစ်ပါတယ်။



အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိတ္ထီလာမြို့နယ် တောမကျေးရွာ နို့စားနွားမွေးမြူရေးခြံမှ ဖရီးရှန်းစပ် နို့စားနွားမများ။

အဲဒီတော့ နိုင်ငံတော်အကြီးအကဲရဲ့ အဲဒီလမ်းညွှန်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနက မူဝါဒရည်မှန်းချက်တွေ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အပြင် ငါးနှစ်စီမံကိန်း ရည်မှန်းချက်တွေလဲ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဓိက ရည်မှန်းချက်တွေကတော့ **သား ငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့၊ ပြည်တွင်း၌ သားငါးစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားသုံးငွေ တိုးတက်ရှာဖွေဖို့၊ သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့နဲ့ သားငါး ထုတ်လုပ်သူတွေရဲ့ လူမှုစီးပွားရေး အဆင့် မြှင့်တင်ပေးဖို့** ဖြစ်ပါတယ်။ အဲဒီလို မွေးမြူရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဘဏ် စတင်ဖွင့်လှစ်ချိန်ကနေ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြပ်မတ်ကွပ်ကဲခဲ့ပြီး ၁၉၉၉ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့က စတင်ပြီး ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက တာဝန်ယူ ကြပ်မတ်ခဲ့ပါတယ်။

**ကိုကြီးမောင်။** ခင်ဗျား ဘဏ်အကြောင်း နိဒါန်းကလဲ တယ်ပြီးပြည့်စုံပါ့ဗျာ။ ဒါပေမယ့် ကျွန်တော်သိချင်တဲ့ ငွေချေးတဲ့ အကြောင်းလေး ပြောပါဦး။

**ကိုကြီးအောင်။** ပြောပါ့မယ်ဗျာ၊ သမိုင်းကြောင်းလေး သိထားတော့ ခင်ဗျားအတွက် ပိုပြီးကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့ ဘဏ်ရဲ့ မတည်ရင်းနှီးငွေက ကျပ်သိန်းပေါင်း ၅၀၀၀၀ ဖြစ်ပြီး အစုရှယ်ယာ တစ်ခုကို ကျပ်ငါးသိန်းနဲ့ အစုရှယ်ယာပေါင်း ၁၀၀၀၀ သတ်မှတ်ထားတယ်ဗျ။ ဘဏ်ရုံးချုပ် အပါအဝင် ဘဏ်ခွဲ ၁၈ ခုကို မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတဲ့ မြို့နယ်တွေမှာ ဖွင့်လှစ်ပေးထားတယ်။ အဲဒီ ဘဏ်တွေက တစ်ဆင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လိုသူတွေကို ဘဏ်ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ငွေထုတ်ချေးပေးတယ်။

**ကိုကြီးမောင်။** ဟိုတလောက သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ ချင်းပြည်နယ် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့ကို ခင်ဗျားတို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ငွေချေးပေးတာလား။ ဒီပြင်ကော ဘယ်လုပ်ငန်းတွေမှာ ချေးပေးသေးလဲ။

**ကိုကြီးအောင်။** ဟုတ်တာပေါ့ဗျာ။ ချင်းပြည်နယ်မှာ နွားနောက်မွေးမြူရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ပြီး ချင်းတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်က ၂၀၀၃ခုနှစ် စက်တင်ဘာလမှာ ငွေကျပ်သိန်း ၁၀၀၀ ချေးပေးခဲ့တယ်။ သုံးနှစ်ကာလ ချေးပေးတာဖြစ်ပြီး အခုတော့ ပြန်ဆပ်ပြီးကြလို့ ၂၀၀၆ခုနှစ်ထဲမှာ ငွေကျပ်သိန်း ၅၀၀ ထပ်ပြီး ထုတ်ချေးပေးခဲ့တယ်။ ဒါ့အပြင် ချင်းပြည်နယ်မှာရှိတဲ့ ဌာနဆိုင်ရာတွေ အတွက်လဲ ငွေကျပ်သိန်း၁၀၀ အရင်းမပျောက် မတည်ငွေအဖြစ် ထုတ်ပေးခဲ့ပါတယ်။ ချေးပေးရကျိုးနပ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ငွေ စတင်ချေးပေးစ နွားနောက်ကောင်ရေဟာ ၁၈၈၈ကောင်သာရှိပြီး ၂၀၀၇ခုနှစ် မတ်လကုန်အထိ ၄၃၁၄ ကောင်အထိ တိုးပွားလာခဲ့ပါတယ်။ ချင်းပြည်နယ်မှာ နွားနောက်မွေးမြူရေး အတွက် ငွေချေးပေးခဲ့သလို ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်နှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့

15-9 (04) 1 9/15/07, 2:17 AM

**စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်**

မာန်အောင်မြို့နယ်တွေမှာ နွားမွေးမြူရေးအတွက် ငွေကျပ်သိန်း ၂၅၀စီ၊ ခန္တီးခရိုင် နွားနောက်မွေးမြူရေးအတွက် ငွေကျပ်သိန်း ၁၂၀၊ မကွေးတိုင်း မြိုင်မြို့နယ် ဆိတ်မွေးမြူရေးအတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်က ငွေကျပ်သိန်း ၃၅၀နဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သိန်း ၇၀၀၊ စစ်ကိုင်းတိုင်းမှ ကြက်မွေးမြူသူ ၇၀ အတွက် ပထမအကြိမ် ချေးငွေကျပ်သိန်း ၅၀၀နှင့် မွေးမြူသူ ၁၁၉ဦး ထပ်မံချေးငွေ ၅၄၅သိန်း၊ မကွေးတိုင်းမှ မွေးမြူရေး လုပ်ငန်းရှင်များအတွက် ငွေကျပ်သိန်း ၂၅၀၀ အပါအဝင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ သားငါးထုတ်လုပ်မှုလုပ်ငန်းအတွက် ငွေကျပ် ၃၂၈၉၉၄ သိန်း ထုတ်ချေးပေးခဲ့ပါတယ်။

**ကိုကြီးမောင်**။ အေးဗျာ။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထုတ်ချေးပေးတဲ့ငွေကတော့ အားရစရာပါပဲ။ ဒါနဲ့ အတိုးနှုန်းကရော ဘယ်လောက်လဲ။ ကျန်တဲ့ မြန်မာ့စီးပွားရေးဘဏ်တွေနဲ့ အတူတူပဲလား။

**ကိုကြီးအောင်**။ အတူတူပဲပေါ့ဗျာ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ချေးငွေ အတိုးနှုန်းအတိုင်းပါပဲ။ တစ်နှစ်ကို ၁၇ရာခိုင်နှုန်း ဖြစ်ပါတယ်။

**ကိုကြီးမောင်**။ မွေးမြူရေးလုပ်ငန်းလုပ်ဖို့ ငွေချေးချင်ရင် ဘယ်လိုလုပ်ရမယ် ဆိုတဲ့ အဓိကအချက်ကလေးလဲ ပြောစမ်းပါဦး။

**ကိုကြီးအောင်**။ မွေးမြူရေးလုပ်ငန်းလုပ်ဖို့ ငွေချေးမယ်ဆိုရင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် သက်ဆိုင်ရာ မြို့နယ်မှာ အဖွဲ့ဝင်ဖြစ်ဖို့ လိုတယ်။ ကိုယ် မွေးမယ့် တိရစ္ဆာန် အမျိုးအစား ကောင်ရေ၊ လက်ရှိရင်းနှီးမြှုပ်နှံထားမှုတွေကို ဖော်ပြပြီး တိုးချဲ့မွေးမြူမယ့် ကောင်ရေနဲ့ လိုအပ်ငွေကို တင်ပြတောင်းခံဖို့လိုပါတယ်။ အဲဒီလျှောက်လွှာမှာ မြို့နယ်မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထောက်ခံဖို့ လိုပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့်ထောက်ခံပြီး တင်ပြတာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးက စိစစ်ပြီး ထောက်ခံပေးပါတယ်။ အဲဒီလျှောက်လွှာနှင့်အတူ အာမခံတင်ပြတဲ့ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်း၊ တန်ဖိုးတွေကို ဘဏ်ရုံးချုပ်က လုပ်နည်းလုပ်ဟန်တွေအတိုင်း စစ်ဆေးပြီးရင် ငွေထုတ်ချေးပေးပါတယ်။ နေပြည်တော်မှာကျင်းပတဲ့ ပြီးခဲ့တဲ့ လေးလပတ်အစည်းအဝေးမှာ ဝန်ကြီးကသိုး၊ ဆိတ်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းတွေမှာ တစ်တိုင်းကို သိန်း ၅၀၀၀စီ ချေးပေးမည့်အကြောင်း၊ မွေးမြူလိုသူတွေ စည်းရုံးဆက်သွယ်ပေးဖို့ ပြည်နယ်၊ တိုင်းဦးစီးမှူးတွေကို မှာလိုက်သေးတယ်။ အလွယ်ဆုံးကတော့ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်သာ ဆက်သွယ်ပါ၊ အားလုံး ကူညီပေးပါ့မယ်။ အဲဒီတော့ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ကို ကျွန်တော့်အနေနဲ့ "တကယ်ဖြစ်ချင် တကယ်မွေး အဟုတ်ချေးပေးမယ်"လို့ပဲ ပြောလိုက်ချင်တယ်ဗျာ။

ကျွန်တော့်စကားကြောင့် ကိုကြီးမောင်တစ်ယောက် ကျွန်တော့်ကို ပြုံး၍ကြည့်နေပါသည်။ သူ့စိတ်ထဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးပြီး မွေးမြူရေးလုပ်ငန်းများ မကြာမီဆောင်ရွက်တော့မည်ကို သိနေပါတယ်။

**သားငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသို့**




ဇနီး ဒေါ်ချန်ချိုရှု (ခ)ဒေါ်ချိုချို (၂)နှစ် ပြည့် အားရည်စူး၍ ရန်ကုန် တိုင်းလမ်းမတော် မြို့နယ် ၁၅ လမ်း အမှတ် ၄၈ နေ ခင်ပွန်း ဦးချစ်စိန် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ပြပွဲနှင့် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းဝင် System Magic Software Solution Co., Ltd. ၏ အမှုဆောင်အရာရှိ ဦးဝင်းလတ်နှင့် မန်နေဂျာဦးသက်ခိုင်ဝင်းတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပလျက်ရှိသည့် Thailand International Logistics Fair 2007 တွင် Software နှင့် Information Technology အစည်းအဝေးသို့ တက်ရောက်ရန်နှင့် GMS Economic Corridor Logistics ပြခန်း၌ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းမှ ပါဝင်ပြသရန်အတွက် စက်တင်ဘာ၁၀ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် သံဃာဆောင် ပန္နက်တင်မင်္ဂလာ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ တည်ထောင်သော ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၉)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးဘေးရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် အတွင်း၌ သံဃာဆောင် အမှတ်(၂) ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၁၂ရက် နံနက်၉နာရီက အဆိုပါကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော် အရှင်အာစာရာလင်္ကာရထံမှ ပရိသတ်တို့က အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ပန္နက်တင်**

ထို့နောက်ပန္နက်တင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ သံဃာတော်များက ဇယမင်္ဂလာ ဇောဓိယာမူလေ အစရှိသော ဂါထာနှင့် ပဋ္ဌာန်းတရားတော်များကို ရွတ်ဆို၍ ပရိတ်သဲ၊ ပရိတ်ချည်များ ပက်ဖျန်းချည်နှောင်ပေးပြီး သတ်မှတ်ထားသော နေရာများ၌ ပန္နက်တင်ပေးကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါ သံဃာဆောင်အမှတ်(၂)သည် အလျားပေ ၄၀၊ အနံပေ ၅၀ အာရ်စီကွန်ကရစ် နှစ်ထပ်တိုက်ဖြစ်ကာ ငွေကျပ်သိန်းခြောက်ရာကျော် ကုန်ကျမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများသည် ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် ၄၂ ရပ်ကွက်ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဖုန်း- ၀၉-၂၁-၃၀၈၉၅ နှင့် ၇၀၈၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**


သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ





သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ပုလဲလမ်း တိုက်၁၀၁နေ ဦးစိန်ထွန်း- ဒေါ်အေးအေးသန်း၊ သမီး မမျိုးမျိုးထွန်း မိသားစုက ညီမ ဒေါ်ဝင်းဝင်းသန်း သုံးနှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာဖောင်ဒေးရှင်း ဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

## မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

### စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကလေးမြို့နယ်၌ ကျင်းပ

**ကလေးမြို့နယ်တွင် ၂၀၀၇ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁၄ရက် နံနက် ၇ နာရီက ကလေးမြို့နယ် ရေအေးကြီးဝိုင်း ရေအေးကြီးကန်အနီး၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူများ ပါဝင်စိုက်ပျိုးကြသည်။ ယင်း သစ်ပင်စိုက်ပျိုးပွဲတော်တွင် ချယ်ရီ၊ ပင်စိမ်း၊ မဲရုံး၊ ရောင်းဝင်နှင့် ရှမ်းသပြေပင် စုစုပေါင်းအပင် ၃၀၀၀ ကို စိုက်ပျိုးကြသည်။** (မြို့နယ် ပြန်/ဆက်)

### နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်း လှိုင် အလက(၁)၌ ကျင်းပ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်က ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဩဂုတ် ၁၆ရက်က အလက(၁) လှိုင် စာကြည့်ခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများနှင့် စာဖတ်ဝိုင်း ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

### တီးတိန်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

**တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေစီးရေလာ ကောင်းမွန်ရေး၊ ရေမြောင်းများအတွင်း အမှိုက်နှင့်အညစ်အကြေးများ မရှိစေရေးအတွက် ရေမြောင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်ကြီးကြပ်၍ မြို့နယ်စည်ပင်ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

### စာတတ်မြောက်ရေးနေ့ ဖလမ်း၌ကျင်းပ

**နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၁၁နာရီက ချင်းပြည်နယ် ဖလမ်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း ပညာအလင်း ခန်းမဆောင်တွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအုန်းမောင်စည်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကိုလည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက်နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင် အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်

## တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ဆုချီးမြှင့်ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၄

**ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အကြိုလှုပ်ရှားမှု ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင် အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

### လှည့်လည်ကြည့်ရှုအားပေး

အစီအစဉ်အရ အာဟာရ သရုပ်ပြ ချက်ပြုတ်မှုဒိုင်အဖွဲ့ဝင်ဒေါက်တာဒေါ်နွယ်နီအုန်းက ပြိုင်ပွဲနှင့်စပ်လျဉ်းသည့်စည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဇနီးနှင့်ဧည့်သည်တော်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ ၁၂ခု၏ အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲဝင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားပြီး နို့တိုက်မိခင်များအတွက် အာဟာရသရုပ်ပြ အချက်အပြုတ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသော မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများအား ဆုများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကိုယ်ဝန်ဆောင်များအတွက် အာဟာရ သရုပ်ပြအချက်အပြုတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသော မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများအား ဆုများချီးမြှင့်၍ အမှတ်ပေး ဒိုင်အဖွဲ့ ကိုယ်စား ဒေါက်တာဒေါ်နွယ်နီအုန်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတွင် အပတ်စဉ် အင်္ဂါနေ့တိုင်း ကလေးကျန်းမာရေးကုသိုလ်ဖြစ် ကုသပေးလျက်ရှိသော ဒေါက်တာဒေါ်ယုဇနစောမြင့် တွဲဖက်ပါမောက္ခ ကလေးအထူးကု ကလေးကျန်းမာရေးပညာဌာန ဆေးတက္ကသိုလ် (၁)က သား ပြည့်စုံဝင်း၏မွေးနေ့အတွက် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော်အား လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံယူစဉ်။** (၁၁၅)

### ပေးအပ်လှူဒါန်း

**ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဟောမဝန်မွှောရုံ၌ စက်တင်ဘာ ၁၀ရက်က ကျင်းပရာ ဦးကျော်ဝင်းအားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်သန်းမြင့်က ငွေကျပ်တစ်သိန်းတစ်သောင်းကို မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးထွန်းရင်ထံ ပေးအပ်လှူဒါန်းစဉ်။** (၂၀၀)

## အဘိဓမ္မာ (၇)ကျမ်း စာတော်ပြန်ပွဲဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ပေါ်ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အကြိမ်(၄၀)မြောက် အဘိဓမ္မာ (အာဂမ–သဘာဝ) စာတော်ပြန်ပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၁ရက် နံနက် ၈နာရီခွဲက ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးပေါ်ရှိ အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသနှင့် အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဝင်ရောက်ဖြေဆို

စာတော်ပြန်ပွဲကြီးသို့ စာထောက်၊ စာမဆရာတော်ကြီးများ ကြီးကြပ်လျက် စာဖြေသံဃာ ၂၀၁ ပါး၊ သီလရှင်၂၄၂ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား၂၀၊ အမျိုးသမီး ၇၆ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

### ရှစ်ပါးသီလခံယူ

အစီအစဉ်အရ အသင်းဒုတိယဥက္ကဋ္ဌ(စီမံ) ဦးမျိုးခင်က နတ်ဗြဟ္မာများကိုပင့်ဖိတ်ပြီး နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီးအသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဓဇ ဦးညွန့်စိန်က အဘိဓမ္မာ စာတော်ပြန်ပွဲနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာ ချီးမြှင့်တော်မူသည်။ ထို့နောက် အသင်းနာယက ဦးသန်းတင်က မဟာ ဘိသေကဇယ မင်္ဂလာ မန္တန်တော်ကို ရွတ်ဖတ်ပူဇော်၍ စာပြန်သံဃာတော်၊ သီလရှင်နှင့်လူပုဂ္ဂိုလ်များအား ဒုတိယဝန်ကြီးက ဦးဆောင်ကာ အခမ်းအနားဖြင့် ပင့်ဆောင်၍ ဓမ္မာသနပလ္လင်တော်ကို အပ်နှင်းကြပြီး စာတော်ပြန်ပွဲအခမ်းအနားကို ဖွင့်လှစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**






**ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် (၁)ရပ်ကွက် ပင်လုံလမ်းနေ ဦးညို၊ ဒေါ်အမာ၊သားသမီး၊ မြေးမြစ်များနှင့် ရိုးမယာဉ်လိုင်း ခရီးသည်မိတ်ဆွေများက ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကိုးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိသေး ကိုးဆယ်ဆသာလိမ့်မယ် ဆက်လက်အောင်ပွဲခံ

**ရုပ်ရှင် သတင်းထောက်**

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာဇာတ်ကားသစ်များ ယခုသောကြာပတ်တွင်ရုံဝင်လာခြင်း မရှိသေးဘဲ **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားဆက်လက်အောင်ပွဲခံလျက်ရှိသည်။

ဝတ္ထု၊ဇာတ်ညွှန်းနှင့် ဒါရိုက်တာ မောင်ယဉ်အောင်၏ **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေပြီး မန္တလေးမြို့ ဝင်းလိုက်ရုံတွင် အရှိန်အဟုန်မပျက် ဆက်လက်တင်ဆက်လျက် ရှိသည်။

**ကိုးဆယ်ဆ သာလိမ့်မယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**



မင်္ဂလာရုံတွင် အိန္ဒိယဇာတ်ကြမ်းကား AAG ပြသနေပြီး ရွှေဆောင်ရုံတွင် Die Hard 4 ပြသနေဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် Rush Hour 3 ပြသနေပြီး မန္တလေး မြို့မရုံတွင် Pirates of the Caribbean 3 ပြသနေသည်။



**အချစ်ချိုချို သမက်ခါးခါး ဇာတ်ကားမှ နေတိုးနှင့် ထွန်းထွန်း။**

မြို့လယ်ဆုထူးပန်ရုံတွင် Keemat ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသား အက်ရှေးကူးမား၊ ဆာ့အစ်အလီခန်းနှင့် မင်းသမီး ရာဗီးနာတန်ဒန်နှင့် ဆိုနာလီဗင်ဒါရီတို့ခေါင်းဆောင် ပါဝင်ထားသည်။ ဘုရင့်ရုံတွင် Dil Ka Rishta ဇာတ်ကား ပြနေသည်။

စိုင်းစိုင်းခမ်းလှိုင်နှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော **အိပ်မက်စေညွှန်းရာ** အဆင့်မြင့် မြန်မာ ဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။

နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်နှင့် ချစ်စနိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသော **အချစ်ချိုချို သမက်ခါးခါး** အဆင့်မြင့် မြန်မာ ဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ဆက်လက် ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

# နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကျန်းမာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်း အခြေခံကျ မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၄

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် လမ်း ၆၀ ထောင့်ရှိ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကား ပြောကြားပြီး အလှူငွေများလက်ခံ ပေးအပ်လှူဒါန်းသည်။**

ရှေးဦးစွာ အစီအစဉ်အရ မန္တလေးတိုင်း ကျန်းမာရေး ဦးစီးကော်မတီနာယကတိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည်အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ကျန်းမာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည်နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှု ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေး အသုံး စရိတ်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကျခံ သုံးစွဲလျက်ရှိကြောင်း၊ မန္တလေးမြို့တွင်လည်း အဆင့်မြင့်ဆေးရုံကြီးများ တိုးချဲ့ ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ခေတ်မီစက်ကိရိယာများ ဝယ်ယူခြင်း၊ ပညာရှင်ဆရာဝန်ကြီးများကို ခန့်အပ်ပြီး အထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း။



ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်း၊ သမီး မကြည်သာခင်ဇော်၊ မဆုခင်ဇော် မိသားစုက ဝေဒနာရှင်နှစ်ဦးအတွက် လှူဒါန်းငွေကျပ် ၈၆၄၀၀၀တို့ကို တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံယူသည်။ **(အပေါ်ပုံ)**

## ဆေးပဒေသာပင်

ယနေ့အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော အလှူငွေများဖြင့် ဆေးပဒေသာပင်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာခံစားနေရသော အမျိုးသမီးများအတွက် အလှူငွေပေးအပ်သည့် အစီအစဉ်လည်းရှိကြောင်း၊ ခုခံအားကျဆင်းမှုရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာ တစ်ရပ်ပင် ဖြစ်ကြောင်း။

## ထောက်ပံ့နိုင်

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အနေဖြင့် ၂၀၀၆ ခုနှစ်၌ မျက်စိဝေဒနာရှင် ၁၈၄၅ ဦးအတွက် ငွေကျပ်သိန်း ၁၁၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ မွေးရာပါချို့ယွင်းချက်ရှိ လူနာများကို ခွဲစိတ်ကုသရာတွင် လူနာ ၂၈၂ ဦးကို ငွေကျပ် ၁၀၂သိန်းကျော် အကုန်အကျခံ ကုသပေးခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် အလှူငွေထည့်ဝင်ကြသော အလှူရှင်များကိုဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ဝေဒနာခံစားနေရသော လူနာများကိုလည်း ကူညီစာနာသောစိတ်ဖြင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ အလှူရှင်များအားလုံး နိုင်ငံ့အကျိုး၊ လူသားအားလုံးအကျိုးကို အထူးဆောင်ရွက်နိုင်ပြီး နောင်တွင်လည်းဆက်လက် လှူဒါန်းနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း စသည်ဖြင့် ပြောကြသည်။

## လက်ခံ

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားအစီအစဉ် ကျင်းပရာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအတွက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုက ဝေဒနာရှင်တစ်ဦးအတွက် တစ်လလျှင် ငွေကျပ် ၃၆၀၀၀ နှုန်းဖြင့် တစ်နှစ်အတွက် လှူဒါန်းငွေကျပ် ၄၃၂၀၀၀၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်း၊ သမီး မကြည်သာခင်ဇော်၊ မဆုခင်ဇော် မိသားစုက ဝေဒနာရှင်နှစ်ဦးအတွက် လှူဒါန်းငွေကျပ် ၈၆၄၀၀၀တို့ကို တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ပေးအပ် လှူဒါန်းရာ တိုင်းမှူးက လက်ခံယူသည်။

## ဂုဏ်ပြုလွှာ

ဆက်လက်၍ အဆိုပါဝေဒနာရှင်များအတွက် အလှူရှင် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီးဒေါ်မိုးသီတာ၊ သမီး မခင်အင်ကြင်းမိသားစု၊ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်ကြေးမုံဦး မိသားစု၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်နှင့်ဇနီးဒေါ်မိမိလေးမိသားစု၊ ဦးတင်မောင်-ဒေါ်နန်းလှစိန်(Great Wall Co., Ltd.)မိသားစု၊ ဦးရန်အောင်-ဒေါ်ရင်ရွှင်(နယူးစတားရွှေဆိုင်) မိသားစု၊ ဦးအောင်-ဒေါ်လှလှဝေ (ဂရိတ်စိန်တိုက်)မိသားစု၊ ဦးမောင်စိန်-ဒေါ်ရွှေလှ(ညိမ်းအထူးကုဆေးတိုက်) မိသားစု၊ ဦးစိန်မြင့်-ဒေါ်စန်းကြူ(ဒုံးပျံဂျုံစက်)မိသားစု၊ ရွက်နုဦးမြမောင် မိသားစု၊ ဦးဟန်မြင့်မောင်-ဒေါ်တင်တင်စန်း(ရတနာပုံမူကြိုဉယျာဉ်)မိသားစု၊ ဦးကျော်ဝေ- ဒေါ်ဆွေသဇင် (အောင်ကောင်းကျော်ဆောက်လုပ်ရေး)မိသားစု၊ ဦးစိုးလင်း-ဒေါ်အေးအေးကြိုင် (Dairy Queenနို့ဆီ)မိသားစု၊ ဦးကျော်သက်လှိုင်-ဒေါ်နွယ်နွယ်စိုး (KT ဆောက်လုပ်ရေး)မိသားစု၊ ဦးကျော်စိန် (Jew-llery Luck Co., Ltd.) မိသားစုတို့ အပါအဝင် စုစုပေါင်း အလှူငွေကျပ် ၁၀၈သိန်း ပေးအပ်လှူဒါန်းကြရာတိုင်းမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မျက်စိဝေဒနာရှင် လူနာများအတွက် ဆေးဝါးကုသရန် အလှူရှင်ဦးရန်အောင်-ဒေါ်ရင်ရွှင်(နယူးစတား)မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးတင်မောင်-ဒေါ်နန်းလှစိန်(နန်းတော်အထူးကုဆေးတိုက်)မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးလှမျိုးမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးကျော်စိန် (Jewllery Luck Co., Ltd.)မိသားစုက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## လှူဒါန်း

ထို့နောက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမည့်လူနာများအတွက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် သိန်း ၂၀ နှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရပ်ဝေးမှလာရောက် ဆေးဝါးကုသသောလူနာများ စားသုံးရန်အတွက် ဆန်အိတ် ၅၀ တို့ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## ထောက်ပံ့ငွေ

ထို့နောက် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဆေးရုံကြီးများသို့ ဆေးပဒေသာပင် စိုက်ထူရန်အတွက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၁၂၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဝင်းထံသို့လည်းကောင်း၊ မန္တလေးကလေးဆေးရုံကြီးသို့ ငွေကျပ် သိန်း ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်သိန်းထံသို့လည်းကောင်း၊ မန္တလေးမျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၁၀၀ကို ဆေးရုံအုပ်ကြီး ဒေါက်တာ သိန်းငွေထံသို့လည်းကောင်း၊ မန္တလေးဗဟို အမျိုးသမီးဆေးရုံကြီးသို့ ငွေကျပ်သိန်း ၅၀ကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသောင်းတင်ထွန်းထံသို့လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းက မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များတွင် သားဖွားခန်းများ ဆောက်လုပ်ရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၆၀ စီနှင့် အဆိုပါသားဖွားခန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းများဝယ်ယူရန် ငွေကျပ်သိန်း ၁၄၀ ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

## လက်ခံရယူ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်မိခင်နှင့်ကလေးများအတွက်ထောက်ပံ့လှူဒါန်းငွေကျပ် ၂၁၆၀၀၀၀ နှင့် အမျိုးသမီးများ မွေးလမ်းကြောင်းဆိုင်ရာ ရောဂါများ ဆေးကုသမှုစရိတ်အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် သုံးသိန်းတို့ကို မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက လက်ခံရယူသည်။

ယနေ့ကျင်းပသည့် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနား၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်နှင့် မွေးလမ်းကြောင်းဆိုင်ရာ ရောဂါများကုသရန်အတွက် လှူဒါန်းငွေကျပ် ၂၄၆၀၀၀၀၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအတွက် အလှူငွေကျပ် ၁၀၈ သိန်း၊ မျက်စိဝေဒနာရှင်များအတွက် လှူဒါန်းငွေကျပ် ၃၅ သိန်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များ အတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၊ ဆေးရုံကြီးများ၌ ဆေးပဒေသာပင်များ စိုက်ထူရန်အတွက် လှူဒါန်းငွေကျပ်သိန်း ၃၇၀၊ သားဖွားခန်း ဆောက်လုပ်ရန်နှင့် ၎င်းဆေးခန်း၌ အထွေထွေပစ္စည်း ဝယ်ယူရန် အတွက်အလှူငွေကျပ် သိန်း ၅၀၀နှင့် ဗဟိုအမျိုးသမီး ဆေးရုံကြီးသို့ ဆန်အိတ် ၅၀ အတွက် ငွေကျပ်ကိုးသိန်း စုစုပေါင်း ငွေကျပ် ၁၀၆၆ သိန်း ခြောက်သောင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ထီးတော်သစ်တင်လှူပူဇော်ရေးအတွက် ရန်ကင်းမြို့နယ်နေ ဒေါ်အေးကျင်မိသားစုက အလှူငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် အလှည့်ကျ သဘာပတိ ဦးစောကြိုင်တို့ကလက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်စဉ်။** (က-ပ)

# အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်လူနာများအတွက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများကလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၄

**အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများက အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီက ငွေကျပ် သုံးသိန်း၊ World Vision Myanmarက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ အာဟာရပစ္စည်းများ၊ စက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်တစ်သိန်း၊ ရွှေလင်ပန်း စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီက ငွေကျပ်တစ်သိန်းအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ခုနစ်သိန်း ရှစ်သောင်းကို လက်ခံသည်။



ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှမြင့်က ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ခင်က မြို့နယ်အတွင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကိုတင်ပြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် (၁) ရပ်ကွက်ရွှေဥဒေါင်းလမ်းနှင့်(၂)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ အေအိုင်ဒီအက်စ်၊ တီဘီနှင့်အခြားနာတာရှည်ရောဂါဝေဒနာရှင်များ၏ အိမ်များသို့ သွားရောက်၍ အလှူငွေ၊ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

15-9 (07) 1 9/15/07, 2:17 AM

# တစ်နေ့လျှင်တန် ၈၀ စက္ကူညှိနှင့် တန် ၅၀ပျော့ဖတ်စက်ရုံ သတ်မှတ်ရက်အတွင်း လုပ်ငန်းအမြန်ပြီးစီးအောင်ဆောင်ရွက်

## စက်လည်ပတ်နိုင်ရေး ကုန်ကြမ်းများစနစ်တကျစုဆောင်းထားရှိ

နေပြည်တော် စက်တင်ဘာ ၁၄

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၈၀ စက္ကူညှိနှင့် တစ်နေ့တန် ၅၀ CTMP ပျော့ဖတ်စက်ရုံစီမံကိန်း(ရေနီ)သို့ ရောက်ရှိ၍ ကြည့်ရပ်မျှော်စင်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် စက်ရုံမှူး ဦးထွန်းလင်းတို့က အဆောက်အအုံများ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**

**ကြည့်ရှု**

ထို့နောက်ဝန်ကြီးဦးအောင်သောင်းသည် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ဝါးချက်အိုးနှင့်ရေဆေးဌာန၊ တန် ၈၀ စက္ကူညှိအဆောက်အအုံတည်ဆောက်နေမှု အခြေအနေ၊ ပျော့ဖတ်ချက်အိုးသုံးလုံး တည်ဆောက်နေမှု၊ အငွေ့ပြန်ဌာန၏ အဆောက်အအုံတည်ဆောက်နေမှုနှင့်စက်ပစ္စည်းများတပ်ဆင်မှုအခြေအနေ များကိုလည်းကောင်း၊ ဓာတ်ဆားပြန်ထုတ် ဘွိုင်လာဌာန၏ ၆၀မီတာအမြင့်ခေါင်းတိုင် တည်ဆောက်နေမှုအခြေအနေနှင့် ထုံးဖုတ်ဌာန၏ မြို့ပြဆိုင်ရာ အဆောက်အအုံနှင့် စက်ပစ္စည်းများတပ်ဆင်မှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

**စုဆောင်းထားရှိ**

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းအား စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စက်ပစ္စည်းရောက်ရှိမှုအခြေအနေများကို လည်းကောင်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ်ရက်အတွင်း စီမံကိန်းလုပ်ငန်းများ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် စက်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းသစ်၊ ဝါးများကို စနစ်တကျ စီမံဆောင်ရွက်၍ ယခုကတည်းက စုဆောင်းထားရှိကြရန် မှာကြားသည်။

**စနစ်တကျထားရှိ**

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် အမှတ်(၂)စက္ကူစက်ရုံ (ရေနီ)သို့ရောက်ရှိ၍ ချက်အိုးဌာနရှိ ပျော့ဖတ်ဖျော်စက်၊ အခြောက်ခံစက်များ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ အခြောက်ခံစက်မှ ထွက်ရှိလာသော စက္ကူညိုနှင့် သိုလှောင်ရုံအတွင်းရှိ စက္ကူညိုလိပ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားစနစ်တကျ သပ်သပ်ရပ်ရပ် သိုလှောင်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ လျှပ်စစ်၊ ပြင်ထိန်းဌာန၏ မော်တာများ ကွိုင်ပတ်နေမှုအခြေအနေ၊ ရေနွေးငွေ့ထုတ် ဘွိုင်လာနှင့် ကုန်ကြမ်းဝါးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**ကိုယ်တင်စီမံဆောင်ရွက်**

ထို့နောက်ဝန်ကြီးဦးအောင်သောင်းသည် စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်ရုံ၏ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်ရန်အတွက် တာဝန်ရှိသူအသီးသီးတို့က မိမိတို့ ကျရာတာဝန်များကို စိတ်ကောင်း စေတနာမှန်ဖြင့် ကြိုးကြိုးစားစား ညှိနှိုင်းဆောင်ရွက်ကြရန်၊ လူ့စွမ်းအား၊ အတတ်ပညာစွမ်းအား၊ စက်စွမ်းအားတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနက ချမှတ်ထားသော လမ်းညွှန်ချက်နှင့် မူဝါဒများကို လေးစားလိုက်နာ ဆောင်ရွက်ကြရန်မှာကြားပြီး စက္ကူစက်ရုံ စီမံကိန်း မြစ်ရေတင်ဌာန၏ စစ်တောင်းမြစ်ရေမှရေတင်ရန်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရေရှည်အသုံးပြုနိုင်ရန်အတွက် ကိုယ်တင်စီမံဆောင်ရွက်မှုများပြုလုပ်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာကုန်းရိပ်သာလမ်း အမှတ် ၁၁၀နေ ဦးဝင်းနိုင်–ဒေါ်သန်းသန်းဆွေ၊သမီး မခင်သင်းစု၊ မဇင်မွန်သက်၊ မဖြိုးရွှေရည်ဝင်း မိသားစုတို့က ကျောင်းအလှူတော်ငွေ ကျပ် ၁၀၅၆၀၀၀ကို ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြနှင့် ဦးအောင်မြင့်တို့ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ အဖွဲ့အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က–ပ)

# မြန်မာ့ကျက်သရေဆောင် ပုဂံမြေ၏အလှကို ဖော်ကျူးထားသည့် ပန်းချီပြပွဲ

**အနုပညာမြင်ကွင်း – မောင်ချစ်ကြည်**
**ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စိတ်ဝင်စားဖွယ် မြင်ကွင်းများကို ဖော်ကျူးထားသည့် **“ပုဂံပန်းချီပြပွဲ”**ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပြခန်း၌ စက်တင်ဘာ ၁၄ ရက်နံနက် ၉နာရီက ဖွင့်လှစ်ပြသခဲ့သည်။

**ခင်းကျင်းပြသထား**

အဆိုပါပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ ပန်းချီပညာရှင်များနှင့် သတင်းမီဒီယာသမားများ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။ **“ပုဂံပန်းချီပြပွဲ”**တွင် ပန်းချီဆရာကိုးဦးနှင့် ပန်းချီဆရာမသုံးဦးတို့၏ ပန်းချီကားပေါင်း ၆၄ ကားကို ခင်းကျင်းပြသထားသည်။

**အလှတရား**

ပန်းချီကားအားလုံးသည်ရေဆေး၊ ဆီဆေးနှင့်အခရိုင်းလစ်များဖြင့် ရေးဆွဲထားပြီး အရွယ်အစားမှာ ဆိုက်ကြီးများဖြစ်သည်။ ပန်းချီကား အားလုံးသည် မြန်မာ့ကျက်သရေ ပုဂံမြေ၏ အလှတရားကိုယ်စီကို ဖွင့်လှစ်ပြသနိုင်သည့် ပန်းချီကားများ ဖြစ်သည်။

ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပန်းချီကားများအနက် **သရပါ** အမည်ရှိ ပန်းချီကားမှာ ပုဂံရှိ သရပါတံခါး၏ မြင်ကွင်းကို အသက်ဝင်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ ပန်းချီဆရာ ကိုကိုအောင်၏ ရေဆေးနှင့်ရေးဆွဲထားသော ပန်းချီကား ဖြစ်ပြီး သရပါတံခါး၏ ထုထည်ခိုင်ခံ့မှု၊ ပုဂံတွင်ရှိသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ပြနိုင်မှုများကို ထင်ရှားစွာ မြင်တွေ့ရသည်။



**အာနန္ဒာဘုရားပွဲဟု အမည်ပေးထားသော ပန်းချီဆရာမ ဒေါက်တာခင်မေကြည်၏ ပန်းချီကားမှာလည်း လက်ရာမြောက်လှသည်။**

(မြန်မာ့အလင်း)

တစ်ဖန် ပန်းချီဆရာမ ဒေါက်တာခင်မေကြည်၏ **အာနန္ဒာဘုရားပွဲ** ဟု အမည်ပေးထားသော ၂ပေ x ၃ပေ ဆိုက်ကြီး ပန်းချီကားမှာလည်း ပုဂံရှိ အာနန္ဒာဘုရားပွဲမြင်ကွင်းကို အာနန္ဒာဘုရား နောက်ခံထားပြီး နံနက်ပိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ ဆီဆေး အသုံးပြုထားသဖြင့် ဘုရားပွဲလာသူများ၏ လှုပ်ရှားမှု၊ နေရောင်ထိုးကျမှုများကို အနွေးရောင်များ အခြေခံပြီး တင်ပြထားရာ လက်ရာ မြောက်လှသည်။

ထို့အပြင် **ပုဂံအလှ**ဟု အမည်ပေးထားသော ပန်းချီဆရာ မောင်ကျော်ခေါင်၏ အခရိုင်းလစ်ဖြင့် ရေးဆွဲထားသည့် ပန်းချီကားမှာ အာနန္ဒာဘုရားဝန်းကျင်၌ သီလရှင်တစ်ဦး၏အလှူခံပြီး အပြန်ပုံကို အနီရောင်၊ ပန်းရောင်တို့အားပြုပြီး နေဝင်ဖျိုးဖျအချိန်၌ အရောင်၊ အရိပ်များအားကိုးဖြင့် ပီပြင်စွာ ခြယ်မှုန်းထားခြင်းဖြစ်သည်။ ပုဂံ၏ ငြိမ်းချမ်းမှု၊ ဘာသာရေးနှင့် ယဉ်ကျေးမှုများကို မြင်တွေ့ခံစားနိုင်အောင် ရေးဆွဲထားနိုင်သည့် ပန်းချီကားဖြစ်သည်။

**ပုဂံရှုခင်း**

ထို့အတူ ပန်းချီဆရာကြည်ဇော်၏ **ပုဂံရှုခင်း** အမည်ရှိ ပန်းချီကားမှာလည်း ပုဂံရှိ ထီးလိုမင်းလို ဘုရားအနီး သံဃာတော်များအား ဆွမ်းလောင်းနေပုံဖြစ်သည်။ ပုဂံအလှနှင့် မြန်မာတို့၏ အလှူဒါနကို ပေါ်လွင်အောင် အခရိုင်းလစ်ဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ စေတီ၊ သံဃာ၊ လမ်း၊ တိမ်၊ သစ်ပင်တို့ ပါဝင် ဖွဲ့စည်းမှုလည်း ကောင်းလှသည့် ပန်းချီကားဖြစ်သည်။

ထို့အပြင်ပန်းချီဆရာမဒေါက်တာတင်သီရိ၏ **မနူဟာ** အမည်ရှိ ပန်းချီကား၊ ပန်းချီဆရာ သန်းဝင်းထွန်း၏ **ပုဂံဆိတ်ကျောင်းသား** အမည်ရှိ ပန်းချီကား၊ ပန်းချီဆရာမ အချင်းချင်း၏ ပုဂံကချေသည် အမည်ရှိ ပန်းချီကားများသည်လည်း ဆွဲဆောင်ကောင်းသော ပန်းချီကားများ ဖြစ်သည်။



**ပန်းချီဆရာ ကိုကိုအောင်က သရပါအမည်ရှိ ပန်းချီကားကို ဤသို့ အသက်ဝင်အောင် ရေးဆွဲထားသည်။**

(မြန်မာ့အလင်း)

**ပြသထား**

**ပုဂံပန်းချီပြပွဲ** ကို စက်တင်ဘာ ၁၄ရက်မှ ၂၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု နိုင်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅–၉–၂၀၀၇ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ သင်ပုန်းရေလှောင်တမံ
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ ကြံတောင်သူတွေ ဝင်ငွေသုံးဆတိုးဖို့ ဆင်းရွှေလီကြံစိုက်ကြစို့ (အပိုင်း–၃)
၁၂:၂၀ ၆။ **“ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်”** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ–စိုးကျော်ဆန်း)
၁၂:၄၅ ၇။ ၂၀၀၇ ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ပြိုင်ပွဲဆွေးနွေးခန်း) (အပိုင်း–၁)
၁၃:၀၅ ၈။ မုဟန်သွယ်သွယ်ဆိုကြမယ်
၁၃:၂၀ ၉။ အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
၁၃:၃၅ ၁၀။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၀၀ ၁၁။ ရထားလမ်းသာပြီနော် ချောက်မှနေပြည်တော်
၁၄:၁၅ ၁၂။ လက်ဆင့်ကမ်းပေးဂီတတေး
၁၄:၃၀ ၁၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ(ရွှင်ကော်ဖီ)
၁၄:၄၅ ၁၄။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၆:၅၅ ၄။ အလှရှာမယ်၊ လုကမ္ဘာဝယ်
၁၇:၁၀ ၅။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ)ဝါသနာရှင်(ဒုတိယတန်း) အဆင့်(အမျိုးသား၊အမျိုးသမီး)
၁၇:၂၀ ၆။ ၂၀၀၇ခုနှစ် အာဆီယံချန်ပီယံရှစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) **(မြန်မာနှင့်ထိုင်း)**
၁၉:၃၀ ၇။ သက်တံ့ရောင်သံစဉ်
၂၀:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်စရာ့ပျိုကညာ”** (အပိုင်း–၃)

❒ *ကျောဖုံးမှ*

**အမှာစကားပြော**

ရေးဦးစွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မစုရတနာထူးနှင့် ငါးဘာသာ ဂုဏ်ထူးရှင် မခင်သန္တာထွန်း၊ မခိုင်ဝင့်ရည်သင်း၊ မခင်ရတနာဦးတို့အား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ လေးဘာသာ ဂုဏ်ထူးရရှိသူ ကိုးဦးတို့အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဖော်၊ မန္တလေးတိုင်း အလုပ်အမှုဆောင် ဦးဘိုနီ၊ နေပြည်တော်ပျဉ်းမနားခရိုင်အသင်း အတွင်းရေးမှူး ဦးခင်မောင်ဋ္ဌေးတို့က ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**လက်ခံရယူ**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့အတွက် အလှူငွေများကိုပေးအပ်ရာ အသင်းအတွင်းရေးမှူးများက လက်ခံရယူသည်။

ယင်းနောက် စေတနာရှင် အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်ရာ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သမထဝိပဿနာတရားပွဲ

**ရန်ကုန် စက်တင်ဘာ ၁၄**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလအံ့ကြီး ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလအံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံကြီးတွင် စက်တင်ဘာ ၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ည၈နာရီ အထိလည်းကောင်း၊ ဒေါပုံမြို့နယ် ဝါးဆိုမှတ်တိုင်အနီး ပြာသဒ်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် စက်တင်ဘာ၁၆ရက်မှ၂၂ရက်အထိ ညနေ ၆နာရီမှ ည၇နာရီခွဲ အထိလည်းကောင်း၊ အောက်တိုဘာ၁ရက်မှ၇ရက်ထိ ဗိုလ်တထောင် စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ညနေ ၆နာရီမှ ၇နာရီခွဲထိ လည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

**မြန်မာ့အလင်း** **အင်တာနက် ဖောင်ပိတ်**

## အီရတ်တွင်ကားဗုံးခွဲတိုက်ခိုက်၊ ၁၁ ဦးသေဆုံး

တီကရစ် စက်တင်ဘာ ၁၄

**အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ် ဘီဂျီမြို့တွင် စက်တင်ဘာ ၁၄ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး အပါအဝင် စုစုပေါင်း ၁၁ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရခဲ့ကြောင်း အင်တာနက် သတင်း၌ဖော်ပြသည်။**

တိုက်ခိုက်ခံ

**ဘဂ္ဂဒက်မြို့၏မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ ဘီဂျီမြို့ရှိ ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်တွင် လူတစ်ဦးက လောင်စာဆီတင်ကားဖြင့် ဝင်ရောက်တိုက်ခိုက်ရာမှ အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။** (အင်တာနက်)

## ဂျာဗားဦကြက်ငှက်တုပ်ကွေးကြောင့် ကြက်ကောင်ရေအများအပြားသေဆုံးခဲ့

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၂၂၅၈၀ သေဆုံးခဲ့ရကြောင်း စက်တင်ဘာ ၁၄ ရက်၌ ဒေသခံ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖြစ်ပွား**

အဆိုပါကြက်များသေဆုံးမှုသည် ယင်းပြည်နယ်ရှိ ခရိုင်နှင့် မြို့ ၂၅ ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

■ *ကျောဖုံးမှ*

**ဌာနဆိုင်ရာ၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်၍ ပေါ်လာသည့် ယခုအောင်ပွဲမှာ 'ပြည်သူ့အောင်ပွဲ'၊ 'ဌာနဆိုင်ရာအောင်ပွဲ'၊ 'ပြည်သူ့တပ်မတော်၏ အောင်ပွဲ'ဟု ခေါ်နိုင်ကြောင်း** နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ကြားသွားခဲ့သည်။

**ပျော်တပြုံးပြုံး**

"ရထားလမ်းသာ လုပ်တာပါကွာ ရထားစီးလဲစီးရမှာမဟုတ်ပါဘူး"ဟု ညည်းတွားခဲ့သော အဘိုးကြီးများ၊ အဒေါ်ကြီးများ၊ လူငယ်လူလတ်ပိုင်းများသည် တကယ်တမ်းရထားကြီး ရောက်လာသောအခါ ပျော်ရွှင်မဆုံး တပြုံးပြုံးဖြစ်နေကြသည်။ ရထားဖွင့်ပွဲနေ့က အခမဲ့ ၁၀ရက် စီးနင်းခွင့်ပြုလိုက်ရာ ကလေးနှင့် ဂန့်ဂေါအကြား ထမင်းထုပ်နှင့် ညအိပ်ရထားစီးသူများပင် ရှိခဲ့သည်။

"ရထားကို တဝကြီး စီးကိုစီးပစ်လိုက်ဦးမဗျ" ပြောလည်းပြော၊ စီးလည်းစီးသူတို့ကား ယောနယ်ရှိ ယောသူယောသားများပါတည်း။

**ဖောက်လုပ်ခဲ့**

အိမ်ခေါင်မိုးခန့် မြင့်မားသည့် ပုံညာတောင်ကမ်းပါးယံများကို တူးဖော်၊ မြေဖို့ဖောက်လုပ်ခဲ့ကြရသော ဂန့်ဂေါ–ကလေး ရထားလမ်းကြီးဖြစ်သည်။

ကိုယ့်အားကိုယ်ကိုးမှ လူမှုစီးပွားတိုးတက်လာမည်။ ကိုယ့်အားကိုယ်ကိုးမှသာ မိမိဘဝတိုးတက်လာမည်ဖြစ်ရကာ မိမိတို့စီးရမည့် ရထားလမ်းကြီးကို အင်တိုက်အားတိုက် ဖောက်လုပ်ခဲ့ကြသည်။

ကလေး–ဂန့်ဂေါရထားလမ်းသစ်ကြီးကို ၉–၁–၉၄ ရက်က ကလေး–နတ်ချောင်းအပိုင်း၌ မြေတိုင်းတာခဲ့ကြပြီး နတ်ချောင်း–ဂန့်ဂေါအပိုင်းတွင် ၂၂–၁၁–၉၃ ရက်က မြေတိုင်းတာခဲ့ကြသည်။ မြေကြီးမြေသားတင်ခြင်းလုပ်ငန်းများကို ကလေး–နတ်ချောင်းအပိုင်း၌ ၂၃–၁–၉၄ ရက်ကလည်းကောင်း၊ နတ်ချောင်း–ဂန့်ဂေါအပိုင်း၌ ၁–၁–၉၄ ရက်ကလည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး မြေကြီးဖို့၊ မြေသားတူးလုပ်ငန်းများသည် ကလေး–နတ်ချောင်းအပိုင်း ၁၅–၂–၉၄ ရက်က လည်းကောင်း၊ နတ်ချောင်း–ဂန့်ဂေါလမ်းပိုင်းတွင် ၆–၁–၉၆ ရက်ကလည်းကောင်း ပြီးစီးခဲ့သည်။

**ပြီးစီးခဲ့**

ရထားသံလမ်းများကို ကလေး–နတ်ချောင်းလမ်းပိုင်း၌ ၂၇–၂–၉၅ ရက်ကလည်းကောင်း၊ နတ်ချောင်း–ဂန့်ဂေါလမ်းပိုင်းတွင် ၂၄–၄–၉၅ ရက်က လည်းကောင်း စတင်ခင်းခဲ့ကြပြီး ၁၂–၄–၉၅ ရက်တွင် ကလေး–နတ်ချောင်းလမ်းပိုင်း၊ ၁၀–၁–၉၆ ရက်တွင် နတ်ချောင်း–ဂန့်ဂေါ လမ်းပိုင်းတို့၌ သံလမ်းများခင်းကျင်း ပြီးစီးခဲ့သည်။

ကလေးနှင့် နတ်ချောင်းလမ်းပိုင်းတွင် မြေကြီးကျင်းပမာဏ ၆၈၄၅၀ ကျင်း၊ နတ်ချောင်း–ဂန့်ဂေါလမ်းပိုင်းတွင် ၁၀၇၄၄၈၁ ကျင်း ရှိခဲ့သည်။ ကလေး–ဂန့်ဂေါ ရထားလမ်းပိုင်းတွင် ရထားလမ်းအရှည်မှာ ကလေး–နတ်ချောင်း ၁၄ဒသမ၁၂မိုင်၊ နတ်ချောင်း–ဂန့်ဂေါ ၆၈၈၇မိုင်ရှိသည်။ ကလေး–ဂန့်ဂေါ တောက်လျှောက်မိုင်အရှည် ၈၂ဒသမ ၉၉ မိုင်ရှိသည်။

**တံတားများ**

ကလေးနှင့် ဂန့်ဂေါ အကြား တံတားကြီးငယ်ပေါင်း ၄၁၀ ရှိသည်။ ရထားဘူတာများမှာ ၁၉ ခုရှိသည်။ ဘလောက်ဘူတာများမှာ ကလေး၊ သာစည်လေး၊ ထောက်ကြန့်၊ နတ်ချောင်း၊ စည်းအောင်၊ မုန်တော၊ ဟံသာဝတီ၊ မြောက်ခင်ရန်း၊ တောင်ခင်ရန်း၊ နှမ်းခါး၊ မွေ့လယ်၊ ကန်၊ မြင်းဇာ၊ လာပို့၊ ဂန့်ဂေါတို့ ဖြစ်ကြပြီး ရပ်စခန်းမရှိသော ဘူတာလေးတို့မှာ ဟဲလုတ်နှင့် ဆည်တောဘူတာတို့ဖြစ်သည်။

**ပုံညာဥမင်**

ကလေး–ဂန့်ဂေါရထားလမ်းကြီးကို ဆက်သွယ်မည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းသစ်ကြီးသည် အရှည်မိုင် ၂၆၀ရှိသည်။ ပခုက္ကူဘက်မှလည်း ပုံတောင်–ပုံညာဒေသ၊ မြစ်သာမြစ်ဝှမ်းဒေသတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရည်ရွယ်၍ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းကိုလည်း ၁၉၉၃ ခုနှစ် ဧပြီလက စတင်ဖောက်လုပ်ခဲ့ရာ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ပခုက္ကူ–ကလေးနှင့် ဂန့်ဂေါ အကြား အတားအဆီးဖြစ်နေသည့် ပေပေါင်း ၅၆၁၀ အရှည်ရှိသည့် ပုံညာတောင် ဥမင်ကြီးကိုပါ ဖြတ်သန်းဖောက်လုပ် ဖွင့်လှစ်နိုင်ခဲ့ပါပြီ။

**ဖြတ်သန်းဖောက်လုပ်**

ပုံညာတောင် ဥမင်လိုဏ်ကြီးကို ဖောက်ထွင်းဖြတ်သန်းဖောက်လုပ်နိုင်ခဲ့သဖြင့် ယခုအခါ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းသစ်ကြီးသည် တစ်ဆက်တစ်စပ်တည်းဖြစ်ကာ ရထားများ ပုံမှန်ဖြတ်သန်းခုတ်မောင်းလျက်ရှိနေကြပြီဖြစ်သည်။

ကလေး – ဂန့်ဂေါ – ပခုက္ကူ–ချောင်းဦးရထားလမ်းသစ်ကြီးကြောင့် ချင်းတောင်နေ ပြည်သူများ၊ ကလေး–ယောဒေသနေပြည်သူများသည် ဆက်သွယ် သွားလာမှုလွယ်ကူပြီး ကုန်စည်စီးဆင်းမှုပါ လျင်မြန်ချောမွေ့နေပြီဖြစ်၍ ယောဒေသ၊ ချင်းတောင်ဒေသတို့ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**ချောင်းဦးမှ ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးမြို့အထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည့် ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်ဖွင့်ပွဲကို ဤသို့ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**






## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



* **နာဆာမှ စေလွှတ်ထားသော ကတ်စီနီအာကာသယာဉ်သည် စနေဂြိုဟ် အရံလ တစ်ခုအနီးသို့ ချဉ်းကပ်လေ့လာလျက်ရှိရာမှ စက်တင်ဘာ ၁၃ရက်က ၎င်းအရံလ၏ အနီးကပ်ဆုံးမြင်ကွင်းဓာတ်ပုံကို နာဆာမြေပြင်စခန်းသို့ ပေးပို့ခဲ့ကြောင်း သိရသည်။ အဆိုပါဓာတ်ပုံတွင် ၁၂မိုင်ခန့်ရှိသော တောင်တန်းတစ်ခု ကဲ့သို့ အနေအထားလည်းတွေ့မြင်ရကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။** (ဓါတ်ပုံ)

* *ဂျပန်နိုင်ငံ၏ ပထမဆုံး လဂြိုဟ်စူးစမ်းလေ့လာရေး အာကာသယာဉ်ကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀း၃၁ နာရီက ဂျပန်နိုင်ငံတောင်ပိုင်း ကာဂိုရှီမာပြည်နယ် တာနီဂါ့ရှီမာ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။*

* **အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ဂွန်ဒါစီရင်စုတွင်ရှိသော ဆာယူမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် တံတားတစ်စင်းပေါ်၌ စက်တင်ဘာ ၁၄ရက်က ခရီးသည်တင်ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၁၁ဦးသေဆုံးပြီး ဒဏ်ရာအများအပြားရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း အနောက်ပိုင်းတွင် စက်တင်ဘာ ၁၄ရက် ဒေသစံတော်ချိန် ၁၃း၀၁ နာရီက အင်အားရစ်ချ်တာစကေး ၆ဒသမ၉ ရှိသော မြေငလျင် ထပ်မံလှုပ်သွားရာ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ပြောကြားသည်။*

* **ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီးနားပြည်နယ်တွင် စက်တင်ဘာ ၁၄ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်ရပ်ကြောင့် မြစ်ထဲ ထိုးကျသွားရာ ၁၄ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *အမေရိကန်နိုင်ငံ အလာဘားမား ပြည်နယ်တွင် စက်တင်ဘာ ၁၃ ရက်က အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်း ဓာတ်ကြိုးတစ်ခုနှင့် တိုက်မိသဖြင့် ပျက်ကျခဲ့ရာ လေယာဉ်မှူး အပါအဝင် သုံးဦးသေဆုံးသွားကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။*

* **တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဘင်ဂေါပြည်နယ်တွင် စက်တင်ဘာ ၁၃ရက်က ရထားတစ်စင်း မြေမြှုပ်မိုင်းပေါက်ကွဲထိမှန်ခံခဲ့ရသဖြင့် ခရီးသည်များ ဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားတွဲအချို့ ပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *ဂျာမနီနိုင်ငံ အလယ်ပိုင်း ကမ်ဘတ်ဒေသတွင် ရှေးခေတ်တိရစ္ဆာန်ကြီးတစ်ကောင်၏ ခြေရာများကို မြင်တွေ့ခဲ့ကြရာ အဆိုပါခြေရာပိုင်ရှင် တိရစ္ဆာန်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၂၉၀ခန့်က အသက်ရှင်နေထိုင်ခဲ့သော ရှေးကျသော တွားသွားတိရစ္ဆာန်တစ်ကောင်၏ ခြေရာဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။*

**(ယာပုံ) (အင်တာနက်)**



## အထက(၂)သာကေတ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၁၄**

အထက(၂)သာကေတမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်သည်။ သို့ပါ၍ ၁၉၆၇ ခုနှစ်မှ ၂၀၀၇ ခုနှစ် အထိ ပညာသင်ကြားပေးခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန်အတွက် ဆရာကြီး ဆရာမကြီးများကဆက်သွယ်အကြောင်းကြားပေးကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲတွင် အလှူငွေများ လှူဒါန်းလိုပါက ဦးသန်းထွန်း–ဒေါ်အမာတင် ဖုန်း–၅၄၂၆၇၂၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းညွှန့် ဖုန်း–၀၉–၅၁–၀၆၇၁၆၊ ဗိုလ်မှူးဖြူဝင်း–ဒေါ်အေးအေးစိုး ဖုန်း–၀၉–၈၀–၃၄၂၅၇၊ ၅၄၄၉၈၆၊ ဒေါက်တာသောင်းဝင်း – ဒေါ်တင်တင်အေး ဖုန်း–၀၉–၅၁–၉၁၆၄၁၊ ၅၄၇၀၇၂၊ ဦးမျိုးသက်ဦး ဖုန်း–၀၉–၅၀–၂၆၅၁၃၊ ၅၄၂၅၉၆ နှင့် ဦးမျိုးဝင်း ဖုန်း–၅၄၇၃၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်း ချောင်းရေမြင့်တက်၍ နှစ်ဦးသေဆုံး၊ ငါးဦးပျောက်ဆုံးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၌ စက်တင်ဘာ ၁၃ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေမြင့်တက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်းသိရသည်။

**ရေထဲမျောပါ**

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေများ ချောင်းကြီးချောင်းအတွင်း ဝင်ရောက်ပြီး ရုတ်တရက်ရေမြင့်တက်လာမှုကြောင့် နံနက် ၂ နာရီခန့်တွင် ချောင်း၏မြောက်ဘက် ကမ်းမြေနိမ့်ပိုင်းရှိ လူနေတဲအိမ် ၄၁ လုံး ရေထဲမျောပါသွားခဲ့ကြောင်း၊ ယင်းနေရာတွင် နေထိုင်သည့် အိမ်ထောင်စု ၄၁ စုအနက် ကျား လေးဦး၊ မ သုံးဦး ရေထဲမျောပါသွားခဲ့ပြီး ကျားနှစ်ဦး၏အလောင်းများကို နံနက် ၁၁ နာရီ ခန့်တွင် အဆိုပါနေရာအနီး၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူငါးဦးမှာ မောင်ရဲလင်း ၂၅နှစ်၊ မောင်ရဲဝင်း ၂၁နှစ်၊ ဒေါ်နွယ် ၄၂ နှစ်၊ မမိုးမိုးဇော် လေးနှစ်နှင့် မမိုးမြင့်စန္ဒာမော် ခုနစ်လတို့ဖြစ်ကြောင်း သိရသည်။

**ကူညီထောက်ပံ့**

အဆိုပါ ချောင်းကြီးကျေးရွာသို့ သပိတ်ကျင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသွားရောက်၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နေရာချထားပေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ စက်တင်ဘာ၁၃ရက် ညနေပိုင်းတွင် တောင်ကျချောင်းရေ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယူအေအီးမှ ဖိလစ်ပိုင်သို့ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

အဘူဒါဘီ စက်တင်ဘာ ၁၄

**အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) မှ အီသီဟတ်အဲ လေကြောင်းလိုင်းသည် ဖိလစ်ပိုင်သို့ သီတင်းတစ်ပတ်လျှင် လေယာဉ်ခရီးစဉ်လေးခု ပျံသန်းနေရာမှ ယူအေအီးနိုင်ငံ အဘူဒါဘီမှ မနီလာမြို့သို့ လေယာဉ်ခရီးစဉ် တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း အီသီဟတ်အဲလေကြောင်းလိုင်းက စက်တင်ဘာ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။**

အဆိုပါတိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ်များကို အောက်တိုဘာ ၁ရက်မှ စတင်ကာ နေ့စဉ်ပျံသန်းပေးသွားမည်ဖြစ်ကြောင်း၊ အဘူဒါဘီနှင့် မနီလာ လေကြောင်းခရီးစဉ်မှာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီမှ စတင်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားအရေအတွက် နှစ်သိန်းအထိ တိုးတက်များပြားလာခဲ့သည်။

**တိုးချဲ့ပျံသန်း**

အဘူဒါဘီမှ မနီလာသို့ လေယာဉ်ဖြင့် ခရီးသွားသူများပြားလာခဲ့ရာ ယခုကဲ့သို့ လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းပေးခြင်းဖြစ်ကြောင်း အီသီဟတ်အဲလေကြောင်းလိုင်းက ပြောကြားသည်။

အီသီဟတ်လေကြောင်းလိုင်းသည် ဖိလစ်ပိုင်နိုင်ငံရှိ အခြားမြို့ကြီးများသို့လည်း တိုးချဲ့ပျံသန်းရန် စီစဉ်လျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**






တရုတ်နိုင်ငံ ဟေနန်ပြည်နယ်၌ ၂၀၀၈ခုနှစ် အိုလံပစ်အထိမ်းအမှတ်အဖြစ် ၂၀၀၈ မီတာ ရှည်လျားသည့် ပုရပိုက်ပေါ်တွင် ပန်းချီပညာရှင်များက ပေပုရပိုက်စာများ ရေးသားနေသည်ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်၌ ပြတိုက်ဝန်ထမ်းများအား နိုင်ငံခြားဘာသာစကားခုနစ်မျိုးတတ်ရန် လေ့ကျင့်ပေးနေ

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံ ပေကျင်းမြို့ပြတိုက်များမှ ဝန်ထမ်းများအား ၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပွဲတော်အတွင်း ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံခြား ဘာသာစကား ခုနစ်မျိုး ပြောဆိုတတ်ရန် လေ့ကျင့်နေပြီဖြစ်ကြောင်း တရုတ်မီဒီယာများက စက်တင်ဘာ ၁၂ ရက်၌ ဖော်ပြသည်။

**ဖော်ပြ**

ပေကျင်းမြို့တော်တွင် ပြတိုက်ပေါင်း ၃၀ ခန့် ရှိနေရာ ဝန်ထမ်းများ အနေဖြင့် အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ အာရေဗျနှင့် ကိုရီးယားစကားများကို တတ်ကျွမ်းရန်လိုအပ်ကြောင်း၊ သို့မှသာ ဝန်ဆောင်မှုအပြည့် ပေးနိုင်မည်ဖြစ်ကြောင်း ပေကျင်းမီဒီယာများက ဖော်ပြသည်။

**လိုအပ်**

လောလောဆယ်အချိန်တွင် ပြတိုက်ဝန်ထမ်းများသည် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂျပန်ဘာသာတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ပေကျင်းရှိ ပြတိုက်များမှာ အမျိုးအစားကွဲပြားလျက်ရှိသဖြင့် ယခုကဲ့သို့ ဘာသာစကား ကျွမ်းကျင်မှုရှိရန် လိုအပ်လာခြင်းဖြစ်သည်။

**သင်တန်းပေး**

ယခုအခါ တရုတ်နိုင်ငံ၌ ပြတိုက်ဝန်ထမ်း ၁၁၉၀၀အား နိုင်ငံခြားဘာသာစကားများ လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



**အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မာစီဒီးကားများ ထုတ်လုပ်မည်

**ဖရန့်ဖွတ် စက်တင်ဘာ ၁၄**

ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော မာစီဒီးဘင့်ဇ်ကားများ ထုတ်လုပ်မှု၌ လာမည့်သုံးနှစ်အတွင်း ဟိုက်ဒရိုဂျင် လောင်စာစွမ်းအင်အသုံးပြုကားငယ်များကို စတင်ထုတ်လုပ်သွားမည် ဖြစ်ကြောင်း မာစီဒီးဘင့်ဇ် ထုတ်လုပ်ရေး ကုမ္ပဏီက စက်တင်ဘာ ၁၂ရက်၌ ပြောကြားသည်။

**ကားငယ်များ**

၂၀၁၀ပြည့်နှစ်မှ စတင်ကာ ဟိုက်ဒရိုဂျင်လောင်စာ အသုံးပြု ကားငယ်များကို ထုတ်လုပ်အသုံးပြုသွားနိုင်တော့မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ ဖရန့်ဖွတ်နိုင်ငံတကာ ကားပြပွဲ၌ မာစီဒီးကားထုတ်လုပ်သူများက ပြောကြားသည်။

ထိုသို့ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး အင်ဂျင်များကို အသုံးပြုရာတွင် အားနည်းချက် မရှိအောင်၊ ချွတ်ယွင်းမှုမရှိအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

**စမ်းသပ်**

အဆိုပါ မော်တော်ကားများ ထုတ်လုပ်ရာတွင် တန်ဖိုးချိုသာစွာဖြစ်ရေး အတွက်လည်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။ လောလောဆယ်၌မူ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး အင်ဂျင်များစွမ်းအားပြည့်အသုံးပြုနိုင်မှု ရှိမရှိ စမ်းသပ်လျက် ရှိသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အမေရိကန်၌ ရဟတ်ယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

ဝါရှင်တန် စက်တင်ဘာ ၁၄

**အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ စက်တင်ဘာ ၁၁ ရက်က ဆရာဆော့ဒါကမ်းရိုးတန်း၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။**

**တစ်ဦးမှာ ပျက်ကျသည့်နေရာ၌ သေဆုံးကာ ကျန်တစ်ဦးမှာ ပြည်နယ် ဆေးရုံပေါ်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။**

**ဒဏ်ရာရရှိသူများ အခြေအနေကို သေချာစွာမသိရှိရသေးပေ။ အဆိုပါ ရဟတ်ယာဉ်၌ တေးဂီတအဖွဲ့မှ ဗီဒီယိုရိုက်ကူးရေး အနုပညာအဖွဲ့တို့ ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။** အမ်အင်န်အေ၊ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်တွင် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲ

**ဒါကာ စက်တင်ဘာ ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ဒါကာမြို့မှ ၂၁၅ကီလို မီတာအကွာ စစ်တကောင်းဒေသရှိ ကာနာဖူလီ မြစ်ကူးတံတားအလယ်တွင် စက်တင်ဘာ ၁၁ရက် ညပိုင်းက တိုးချဲ့ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဒေသစံတော်ချိန် ည ၈နာရီခွဲတွင် လောင်ကျွမ်းသောမီးသည် တောင်ပိုင်းရှိ စက်မှုဇုန် ၂၅ခုနှင့် ဒေသနှစ်ခုသို့ ဦးတည်လောင်ကျွမ်းသွားခဲ့မှုကြောင့် ယင်းဒေသများတွင် မီးလန့်မှုဖြစ်ပွားခဲ့ကြောင်း ယူအင်န်ဘီ သတင်းဌာန တစ်ခုက သတင်းထုတ်ပြန်သည်။

စခန်းအသီးသီးမှ မီးသတ်သမားများသည် အခင်းဖြစ်ပွားရာအရပ်သို့ ချက်ချင်းသွားရောက်၍ မီးငြိမ်းသတ်ရန် ကြိုးစားခဲ့သော်လည်း အကျိုးသက်ရောက်မှု မရှိကြောင်း၊ မီးလောင်ရခြင်းအကြောင်းကို မသိရသေးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ရုရှားမှ စစ်လက်နက်များ အင်ဒိုနီးရှား ဝယ်ယူမည်

ဂျကာတာ စက်တင်ဘာ ၁၄

**အင်ဒိုနီးရှားစစ်ဘက်က ရုရှားနိုင်ငံမှ ရဟတ်ယာဉ်များ၊ တင့်ကားများနှင့် ရေငုပ်သင်္ဘောများဝယ်ယူရန် စီစဉ်နေကြောင်း၊ ထိုအစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံသို့ ရုရှားသမ္မတပူတင် လာရောက်စဉ်က ဆွေးနွေးခဲ့ခြင်းဖြစ်သည်။**

ရုရှားသမ္မတပူတင်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ စက်တင်ဘာ ၆ ရက်က ရောက်ရှိလာပြီး အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**လက်မှတ်ရေးထိုး**

ထိုခေါင်းဆောင်နှစ်ဦး တွေ့ဆုံခဲ့ရာတွင် ရုရှားတို့၏ ရဟတ်ယာဉ် ၂၂စင်း၊ တင့်ကား ၂၀နှင့် ရေငုပ်သင်္ဘော နှစ်စင်းတို့ကို ဝယ်ယူနိုင်ရေး လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

**ပြောကြား**

အဆိုပါ စစ်ဘက်ဆိုင်ရာ ပစ္စည်းများသည် စုစုပေါင်း တန်ဖိုးငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း၊ ထိုငွေကြေးများကို ၁၅နှစ်ကြာ ပေးဆပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရောင်းချ**

အိန္ဒိယလေတပ်က ရုရှားတို့၏ ဆူခွိုင်းဂျက်တိုက်လေယာဉ်ခြောက်စင်းကို အမေရိကန်ဒေါ်လာ ၃၃၅ သန်းဖြင့် ယခင်က ဝယ်ယူခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ပါကစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

ကဘူးလ် စက်တင်ဘာ ၁၄

**ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဘင်္ဂလားဒေ့ရှ် ထောက်ပံ့ရေးအလုပ်သမားတစ်ဦးနှင့် တူရကီအင်ဂျင်နီယာတစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၂ရက်၌ ပြောကြားသည်။**

**ဘာဒက်ချ်ရှန်းပြည်နယ် အရှေ့မြောက်ပိုင်းတွင် ယင်းနေ့ မွန်းလွဲပိုင်းက သေနတ်သမားနှစ်ဦး၏ ပစ်ခတ်မှုကြောင့် ဘင်္ဂလားဒေ့ရှ်တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်။**

**ထိုစဉ်အတွင်း ပက်စ်ထီယာပြည်နယ် ဇူရ်မက်ဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် စက်တင်ဘာ ၁၁ ရက်ညပိုင်းက တူရကီအင်ဂျင်နီယာ တစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူ ဒင်န်မိုဟာမက်ဒ် ဒါဝစ်ချ်က ပြောကြားခဲ့သည်။** အမ်အင်န်အေ၊ဆင်ဟွာ

## ကုန်သွယ်မှုပမာဏမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်း၏ ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ် ကုန်သွယ်မှုပမာဏ မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစခန်း အစည်းဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားရာတွင် ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်းသည် တစ်နှစ်တာ ကုန်သွယ်မှုပမာဏ တိုးမြှင့်ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ ခရိုင်အတွင်းရှိ ဒေသထွက်ကုန်များကို အများဆုံး တင်ပို့နိုင်ရန် မြို့နယ်များရှိ ကုမ္ပဏီလုပ်ငန်းရှင်များမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ (ညွှန်ကြားရေးမှူး)ဦးအောင်ဇင်မြင့် **(ယာပုံ)**က ကွမ်းလုံခရိုင်အတွင်း ထွက်ရှိသည့် အဓိကသီးနှံဖြစ်သည့် ပဲပုပ်စေ့၊ ပြောင်းဖူးစေ့၊ ရော်ဘာ၊ ကြံ စသည်များကို တရားဝင်တင်ပို့မှု တင်သွင်းမှုပြုနိုင်သည့် ကုမ္ပဏီများက တရားဝင်လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ မိမိတို့စခန်းဘက်မှ တင်ပို့မှုတင်သွင်းမှု ဆောင်ရွက် နိုင်သော ကုမ္ပဏီများမှ တရားဝင်လိုင်စင်နှင့် တင်ပို့ခြင်းမှ တစ်ပါး အခြားနည်း သယ်ဆောင်ခြင်းကို လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကွမ်းလုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေက မိမိမြို့နယ်အတွင်း အစေ့ထုတ်ပြောင်း ၈၃၃၂ဧက၊ ပဲပုပ်စေ့ ၃၅၄၅ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ဟိုပန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက မိမိမြို့နယ်အတွင်း အစေ့ထုတ်ပြောင်း ၅၃၂၅ဧက၊ ပဲပုပ်စေ့ ၄၇၉၈ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် ခရိုင်နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးကြာဝင်းက ခရိုင်အတွင်း ရော်ဘာစိုက်ဧက ၄၉၉၂ဧက စိုက်ပျိုးထားရှိပြီး အစေ့ခြစ်ဧက ၁၀၈၆ဧက ရှိကာ အထွက်ပေါင် ၆၃၉၂၄၀ ထွက်ရှိကြောင်း၊ ထွက်ရှိလာသည့် သီးနှံများကို ကုမ္ပဏီလုပ်ငန်းများနှင့် ဆက်သွယ်၍ တင်ပို့သွားနိုင်အောင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံသို့ အကြောင်းကြားပေးမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးကြသည်။

**ဆွေးနွေးညှိနှိုင်း**

အောင်နိုင် ဆေးဝါးကုမ္ပဏီမှ ဦးအယ်လ်တိန်းဘောမ်က မိမိတို့ကုမ္ပဏီအနေဖြင့် ချိတ်ကိုစတင်၍ တင်ပို့နေပြီဖြစ်ကြောင်း ပဲပုပ်စေ့နှင့် ပြောင်းဖူးစေ့များကိုလည်း တင်ပို့နိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖန်ရင်ကုမ္ပဏီမှ ဦးရဲထွန်းလွင်က မိမိတို့ကုမ္ပဏီသည် ပြောင်းဖူးစေ့တန် ၅၀၀တင်ပို့ရန်လိုင်စင်လျှောက်ထားကြောင်း၊ အခြားသီးနှံများကိုလည်း တင်ပို့နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် စိန်ဝတ်မှုန် ကုမ္ပဏီဒါရိုက်တာဦးကျော်မြင့်က မိမိတို့ကုမ္ပဏီအနေဖြင့် ဒေသထွက်ရော်ဘာများနှင့် ပြည်ပမှတင်ပို့သော ရော်ဘာများကို Export ဆောင်ရွက်လျက်ရှိကြောင်း တင်ပြဆွေးနွေးကြသည်။ ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် သင်္ဘောတင်ဌာနစု မော်တော်ယာဉ်စခန်း ဒုသမအကြိမ် ဝန်ထမ်းမိသားစု ဒုလ္လဘရဟန်းခံရှင်ပြုအလှူမှ အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

## ဝိသုဂါမအတုလမဟာ ကမ္ဘာလုံးသိမ်တော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၁၄**

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ အတုလမဟာ မြကျောက်စေတီကျောင်းတိုက်၌ ဝိသုဂါမအတုလမဟာကမ္ဘာလုံး သိမ်တော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲ ကို (၁၃၆၉ ခု တော်သလင်းလပြည့်ကျော် ၈ ရက်) အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

(၁၄–၉–၂၀၀၇)

နေပြည်တော်
၀ ဒသမ ၀၈ လက်မ
ရွှေဘို
၃ ဒသမ ၂၃ လက်မ
ပူတာအို
၂ ဒသမ ၈၀ လက်မ
မချမ်းဘော
၂ ဒသမ ၄၀ လက်မ
မော်လိုက်
၁ ဒသမ ၉၇ လက်မ



## ဝိပဿနာတရားများ ဟောကြားပြသမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ အောက်တိုဘာ ၁၉ ရက်မှ ၂၆ရက်အထိ ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားများကို အခြေခံမှစ၍ ကျကျနန သိရှိနိုင်စေရန်အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း–၇၀၇၄၉၇၊ ၀၉–၅၁၇၆၅၇၅၊ ၀၉–၅၁၇၆၅၇၃ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက် ရှိသော ဝိပဿနာစေတီတော်ကြီးအတွက် မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၁၈၄ နေ D.S.P ပညာရိပ်သာမှ ဆရာမကြီး ဒေါ်ရွှေပု၊ ညီမ ဒေါ်ကြူကြူဝင်း မိသားစုတို့က အလှူတော်ငွေကျပ် ၁၂ သိန်းအား ပေးအပ်လှူဒါန်းရာ ဓမ္မဇောတိ ဝိပဿနာရိပ်သာဥက္ကဋ္ဌ ဦးဥက္ကါနှင့် အတွင်းရေးမှူး ဦးသာဦးတို့က လက်ခံစဉ်။**

(က–ပ)



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေး ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၄**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျီစုရွာသစ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်ရေးအတွက် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က ကျီစုရွာ အမကမူလွန်ကျောင်းတွင် ကျင်းပသည်။ **(အောက်ပုံ)**

**ပြောကြား**

အခမ်းအနားတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဆွေဆွေဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ ကျေးရွာပြည်သူလူထုအားလုံး စာပေဖတ်ရှုသည့်အလေ့အထ အကျင့်ရရှိရေး ဆွေးနွေးပြီး အမက မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇင်ဝင်းလှိုင်တို့က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တစ်ခု ဖြစ်ပေါ်လာရေးအတွက် ဖော်ဆောင်သွားမည့် အကြောင်းများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြသခြင်း၊ စာဖတ်ဝိုင်းနှင့် စာပေဆွေးနွေးပွဲလုပ်ငန်းတို့ကိုပါ အဆိုပါကျောင်းတွင် ကျင်းပသည်။

**(မြို့နယ် ပြန်/ဆက်)**



## ချင်းတွင်းမြစ်နှင့် သံလွင်မြစ် မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

**ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဟုမ္မလင်းမြို့တွင် စင်တီမီတာ ၂၉၅၀နှင့် မုံရွာမြို့တွင် စင်တီမီတာ ၁၀၂၆ သို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ ဟုမ္မလင်းမြို့တွင် စင်တီမီတာ၅၀ နှင့် မုံရွာမြို့တွင် ၂၆ စင်တီမီတာ ကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၉၀၀နှင့် မုံရွာမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။**

သံလွင်မြစ်

**သံလွင်မြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၃၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

## ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းနှင့် ဝဏ္ဏသီဂီလမ်းထောင့်ရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)တွင် စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ဦးဓမ္မသာရ (မြောက်ဥက္ကလာ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားများကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ စက်တင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ ဖုန်း–၅၅၉၆၀၄ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## အထက(၁)ချောက် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၁၄**

မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့၍ အငြိမ်းစားယူပြီးသော ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို လာမည့်အောက်တိုဘာ ၂၈ရက်တွင် အဆိုပါကျောင်း၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီး သက်ရှိထင်ရှား ဆရာ ဆရာမကြီး ၈၅ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးထွေးမောင် အထက(၂) ဖုန်း–၀၆၀–၂၁၀၀၅၊ ဒေါ်သိန်းငွေ ဖုန်း–၀၆၁–၂၁၀၀၅၊ ဦးမျိုးမြင့် ဖုန်း–၀၆၁–၂၂၀၄၄၊ ဦးဌေးနိုင် ဖုန်း–၀၆၁–၂၁၀၂၉၊ ဦးတင်ဦး(ကျော်နည်းပြ) ဖုန်း–၀၆၁–၂၁၇၉၃၊ ဦးငြိမ်း ဖုန်း– ၀၆၁–၂၁၇၇၃၊ ဦးဝင်းနိုင် ဖုန်း–၀၆၁–၂၀၁၀၀ တို့သို့လည်းကောင်း ချောက်ဘဏ်ခွဲငွေစု စာအုပ်အမှတ် SF ၃၂ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ညောင်ကန်အေးသာသနာ့ရိပ်သာ ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြသော မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော်အမှူးပြုသော သံဃာတော်အရှင်သူမြတ်အပါး ၇၀ တို့အား ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ရက် (နိုဝင်ဘာ ၄ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် (၂၇)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၈)ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၁၄**




ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၈)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်၍ အဆိုပါဂျာနယ်တွင် ချစ်စံဝင်း၏ အချိန်တိုအတွင်း ဖွံ့ဖြိုးလာသော ကိုရီးယား၊ ခြေဖဝါး၊ လက်ဖဝါးဖြင့် ထိပ်တန်းသို့ ရောက်လာသောနိုင်ငံ၊ မော်ကွန်းစိုးမြင့်၏ ကမ္ဘာကြီး လုံးသလား၊ ပြားသလား၊ ပြန့်သလား၊ ချွန်သလား–ဂလိုဘယ် လိုက်ဖေးရှင်းကို ဘယ်လိုနားလည် ခံယူကျင့်သုံးရမလဲ၊ ချစ်နိုင် (စိတ်ပညာ)၏ အောင်မြင်မှုမှပိုမိုအောင်မြင်ခြင်းသို့၊ စိုးသီဟစိုး၏ စီးပွားရေးနောက်ကျမကျန်နေအောင် ဆက်လက်ကြိုးပမ်းကြစို့၊ ဒေါက်တာခင်မောင်ညို၏ လမ်းပြမီးအိမ်ထိန်လင်းစေဖို့၊ သတင်းထောက်တစ်ဦး၏ လောင်စာဆီနှင့် အဖျက်အမှောင့် ပယောဂ၊ မြင့်သူရ၏ စင်ကာပူရှိ စာကြည့်တိုက်များနှင့်စာအုပ်ဆိုင်များ သတင်းဆောင်းပါးများ ပါဝင်သည်။

ထို့အပြင် မြန်မာ့အိုင်တီစက်မှုလုပ်ငန်း တစ်ခေတ်ဆန်းတော့မည်၊ မြန်မာနိုင်ငံ၏ အာဆီယံ အဝေးပြေး လမ်းအပိုင်း ၂၀၀၉တွင်ပြီးစီးမည်၊ ဖြိုးစေတနာအခမဲ့ဆေးကုခန်း ၁၄မြို့နယ် လူနာပေါင်း ၇၃၃၀၁ဦး အခမဲ့ကုသပေး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းထာဝရသွေးလှူရှင်ခြောက်သောင်းကျော်ရှိ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာရေးကူညီမှုအဖွဲ့မှ အခမဲ့နာရေး ၁၁၇၆ဦး ဆောင်ရွက်ပေး၊ မြောက်ကိုရီးယားအရေး တိုးတက်မှုရှိလာသည်ဟု အမေရိကန်ယူဆ၊ နျူကလီးယားရောင်းချရေးကိစ္စ ဩစတြေးလျဝန်ကြီးချုပ်ဖြေရှင်း၊ မြောက်ကိုရီးယား ရေဘေးသို့ အမေရိကန်ဒေါ်လာ ၇ဒသမ၅သန်းဖိုး အကူအညီ တောင်ကိုရီးယားပေးမည်စသည့် ပြည်တွင်းပြည်ပသတင်းများ ဝေဝေဆာဆာ၊ ဓာတ်ပုံများ စုံစုံလင်လင် ဖော်ပြပါရှိပြီး စာမူများပေးပို့လိုပါက ရွှေနိုင်ငံသတင်းဂျာနယ် စာတည်းအဖွဲ့ အမှတ်(၂၂၈) သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရုံးချုပ်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၃၈၂၀၇၀သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၁၄–၉–၂၀၀၇

**ကိုထွေး – စုစည်းတင်ဆက်သည်**

## ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

**အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။**

ရှေးဦးစွာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ ယမန်နှစ်ပြိုင်ပွဲ၌ အမျိုးသားနှစ်ယောက်တွဲ ချန်ပီယံဆုရ တနင်္သာရီတိုင်းအသင်း၊ အမျိုးသမီး သုံးယောက်တွဲ ချန်ပီယံဆုရဧရာဝတီတိုင်းအသင်းနှင့် အမျိုးသား သုံးယောက်တွဲ ချန်ပီယံဆုရ စစ်ကိုင်းတိုင်းအသင်းတို့မှ တံခွန်စိုက်ဆုဖလားများကို ပြန်လည်အပ်နှံကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက် အားပေးကြသည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန် လေးချက် ရွတ်ဆိုပြီး မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများက နှစ်သင်းခွဲ၍ သရုပ်ပြသယှဉ်ပြိုင်ကြသည်။

### ပါဝင်ယှဉ်ပြိုင်

ဆက်လက်၍ ပထမနေ့ပွဲစဉ်များအဖြစ် အမျိုးသား သုံးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက်အထိ နေ့စဉ် နံနက် ၈နာရီမှစတင်၍ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ကယားပြည်နယ်မှအပ ကျန်ပြည်နယ်နှင့်တိုင်းများမှ ပိုက်ကျော်ခြင်းအသင်းများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

## အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ

**၂၀၀၇ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက် (လူသစ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်နှင့် ညနေပိုင်းတို့တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။**

**နံနက် ၇နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ပထမအကြိုဗိုလ်လုပွဲစဉ်၌ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။**

## ရေကူးနည်းပြသင်တန်းဆင်းပွဲကျင်းပ

အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်(Olympic Solidarity Programme) အရ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (IOC)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ(MOC)၊ ကမ္ဘာ့ရေကူးအဖွဲ့ချုပ်(FINA)နှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်(MSF)တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ရေကူးနည်းပြသင်တန်း (Level-1)ဆင်းပွဲကို စက်တင်ဘာ၁၃ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) Goal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြ Mr. Buddy Portier(ဩစတြေးလျ)က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းသား တစ်ဦးချင်းစီအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။ ယင်းနောက် သင်တန်းသားတစ်ဦးက သင်တန်းနည်းပြ Mr. Buddy Portier အား လည်းကောင်း၊ သင်တန်းသူတစ်ဦးက Interpreter အဖြစ် ဆောင်ရွက်ခဲ့သူ ဒေါက်တာမြတ်သူရစိုးအားလည်းကောင်း အမှတ်တရလက်ဆောင်ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများ၊ ဝန်ကြီးဌာနများနှင့် ရေကူးကလပ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ၆ရက်မှ ၁၃ရက်အထိ ဖြစ်ကြောင်း သိရသည်။

## တတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စက်တင်ဘာ၁၇ရက်၌ စတင်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ရက်မှစတင်၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တတိယတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ကိုးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ Oasis Myanmar၊ United၊ အား/ကာသိပ္ပံ၊ Rainbow၊ KSS၊ ကြယ်ပွင့်လေးများ(ခ) မျိုးချစ်လူငယ် ငွေကြယ်ပွင့်လေးများနှင့် ရန်ကုန်တိုင်း လူငယ်အသင်းတို့ ဖြစ်ကြသည်။

### ယှဉ်ပြိုင်မည်

စက်တင်ဘာ၁၇ရက် ညနေ၄နာရီတွင် ပွဲဦးထွက်အဖြစ် Oasis Myanmar အသင်းနှင့် United အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

## ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ၃၀ရက်မှ အောက်တိုဘာ၇ရက်အထိ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။**

**အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ရပ် ကျင်းပမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းများမှ ဘော်လီဘောအသင်းများပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းအသင်းတို့ ပထမဆုရရှိခဲ့ကြသည်။**

● ကျောဖုံးမှ

မြန်မာအသင်းနှင့်ထိုင်းအသင်းတို့၏ နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဘောလုံးအားကစားဝါသနာရှင်များ တစ်ခဲနက် ရှုစားအားပေးကြရမည်ဖြစ်သည်။ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲစတင်ကျင်းပစဉ်ရက်များက အမျိုးသမီးဘောလုံးပွဲဖြစ်၍ အေးတိအေးစက်ဖြင့် စိတ်ပါဝင်စားခြင်းမရှိကြသူများပင် မြန်မာအမျိုးသမီးအသင်း၏ ယှဉ်ပြိုင်ကစားကြပုံများကို ရုပ်မြင်သံကြားဖန်သားပြင်မှ ကြည့်ရှုရပြီးနောက် စိတ်ပါဝင်စားမှုမြင့်မားလာပြီး အချိန်တန်လျှင် သူ့ထက်ငါဦးအောင် တီဗွီရှေ့သို့ ရောက်နေကြပြီဖြစ်သည်။

### အားရကျေနပ်

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြကစားလာနိုင်သည်နှင့်အမျှ ကြိုးစားအားထုတ်မှုအပိုင်း၌လည်း အမျိုးသားဘောလုံးသမားများထက်ပင် အားရကျေနပ်စရာကောင်းသည်ဟု ချီးကျူးထောမနာပြုသံများလှိုင်နေသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲစဉ်အထိ လေးပွဲယှဉ်ပြိုင်ကစားရာတွင် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဘဲ တက်လှမ်းလာခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များ၌ စင်ကာပူကို သုံးဂိုး–ဂိုးမရှိ၊ လာအိုကို ခုနစ်ဂိုး–ဂိုးမရှိ၊ ထိုင်းကိုတစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြီး အကြိုဗိုလ်လုပွဲစဉ်တွင် မလေးရှားအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် လေးပွဲကစားရာတွင် ၁၆ဂိုး သွင်းယူခဲ့ပြီး ပေးဂိုးမရှိခြင်းက ဂုဏ်ယူဖွယ်ရာရလဒ်ပင်ဖြစ်သည်။

### အထူးအာရုံစိုက်

ထိုင်းအမျိုးသမီးဘောလုံးအသင်း သည် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုမဆွတ်ခူးနိုင်သေးခြင်းနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌လည်းကောင်း၊ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်း၏ အောင်မြင်မှုအစဉ်အလာကို မမီသေးခြင်းတို့ကြောင့် ယခုပြိုင်ပွဲမစတင်မီက ဗိုလ်စွဲနိုင်မှုစာရင်းတွင် တတိယနေရာ၌သာ ရပ်တည်ခဲ့သည်။ သို့သော်လည်း အဖွင့်ပွဲစဉ်၌ လာအိုအသင်းကို ၁၃ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူပြလိုက်သောအခါ ထိုင်းအသင်းကို အထူးအာရုံစိုက်လာကြရသည်။

ထိုင်းအမျိုးသမီး ဘောလုံးအသင်းသည် ဒုတိယပွဲစဉ်၌ စင်ကာပူအသင်းကို ရှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ယူကာ နှစ်ပွဲစီကစားပြီးချိန်တွင် မြန်မာအသင်းထက် သွင်းဂိုးအသာဖြင့် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့သည်။ မြန်မာနှင့်ထိုင်းတို့ ယှဉ်ပြိုင်ကစားသည့်အခါ သရေကျလျှင် ထိုင်းအသင်းအုပ်စု ပထမရရှိမည်ဖြစ်သော်လည်း မြန်မာအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူကာ အုပ်စုပထမ ရသွားခြင်းဖြစ်သည်။

### ထင်မှတ်ခဲ့

ထိုင်းအသင်းသည် အုပ်စုဒုတိယသာရရှိသဖြင့် အကြိုဗိုလ်လုပွဲစဉ်၌ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့်ယှဉ်ပြိုင်ကစားရသည်။ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၏ ခြေစွမ်းကို ပို၍အကြိုက်တွေ့ခဲ့ကြသူများက ထိုင်းအသင်းတော့ ဗိုလ်လုပွဲနှင့် ဝေးရာပြီဟု ထင်မှတ်ခဲ့ကြသည်။ သို့သော်လည်း ထိုင်းအသင်းက ခြေစွမ်းပြကစားပြီး ဗီယက်နမ်ကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြလိုက်သောအခါ အားလုံးမှင်သက်ခဲ့ကြရပြီး မြန်မာအသင်းအတွက် စိုးရိမ်ပူပန်စရာဖြစ်စေခဲ့သည်။

မြန်မာအသင်း၏ အခက်ခဲဆုံးကစားခဲ့ရသောပွဲစဉ်မှာ ထိုင်းအသင်းနှင့် အုပ်စုပထမနေရာလုရသော ပွဲပင်ဖြစ်သည်။ မြန်မာအသင်းက ထိုင်းအသင်းကို ပွတ်ကာသီကာ နောက်ကျဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းအရကြည့်လျှင် ထိုင်းအသင်းသာသည်ကို လက်ခံကြရမည်ဖြစ်သည်။ ထိုင်းအသင်းအကောင်းဆုံး ကစားခဲ့သောပွဲစဉ်မှာ အကြိုဗိုလ်လုပွဲစဉ်ဖြစ်ပြီး တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှုနှင့် အသင်းလိုက်နည်းဗျူဟာမြောက်စွာ ကစားနိုင်၍ ဗီယက်နမ်အသင်း ထိုင်းကစားကွက်အောက်၌ နစ်မြုပ်ခဲ့ရသည်။

### လွှမ်းမိုးထားခဲ့

ဗီယက်နမ်အသင်းနည်းပြချုပ်က "ယခုပြိုင်ပွဲ၌ထိုင်းအသင်းအကောင်းဆုံးဖြစ်ကြောင်း၊ ထိုင်းအသင်းကစားကွက်က မိမိတို့အသင်းကို လွှမ်းမိုးထားခဲ့ကြောင်း၊ ထိုင်းအသင်းမှ ကစားသမားများအားလုံး ဘောလုံးကျွမ်းကျင်မှုကောင်းကြကြောင်း" ပြောကြားသွားခဲ့သည်။

ထိုင်းအသင်းနည်းပြချုပ် ချာနာရော့ပရန်က "ဗီယက်နမ်အသင်းကို အနိုင်ရအောင်ကစားမည်ဟု ကစားသမားများ စိတ်ပိုင်းဖြတ်ပြီး အထူးကြိုးစားခဲ့၍ အနိုင်ရခြင်းဖြစ်ကြောင်း၊ မြန်မာအသင်းနှင့် ပြန်လည်ဆုံတွေ့သည့်အခါ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲအတွက် အသေအချာပြင်ဆင်ထားပါကြောင်း"ပြောကြားသည်။

### တွေ့ဆုံမေးမြန်း

မြန်မာအမျိုးသမီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင် (နည်းစနစ်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့် နည်းပြချုပ် ဦးအေးကြူကြီး(ကာကွယ်ရေး)တို့အား ယနေ့နံနက်ပိုင်းက တွေ့ဆုံ၍မေးမြန်းဖြစ်ခဲ့သည်။

အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်က **"မလေးရှားနဲ့ပွဲမှာ ကျွန်တော်တို့အသင်း ကစားတာသိပ်ကောင်းတယ်၊ ဒုတိယပိုင်းမှာတော့ ပထမပိုင်းလောက် ကစားအားမတင်တော့ဘဲ ကစားအားကို ချပစ်လိုက်တာပါ၊ ဂိုးတွေအများကြီးရဖို့ထက် ဗိုလ်လုပွဲမှာအနိုင်ရပြီး ချန်ပီယံဆုဖလားရဖို့က ပိုအရေးကြီးပါတယ်၊ ပရိသတ်တွေကတော့ ဗိုလ်လုပွဲမှာ ထိုင်းကိုနိုင်ပါ့မလားလို့ တွေးဆနေကြမှာပါပဲ၊ ကျွန်တော်တို့ ကစားသမားတွေ တစ်ပွဲထက်တစ်ပွဲ စိတ်ဓာတ်ရေးရာအရ ယုံကြည်မှုပိုရှိလာတယ်၊ ထိုင်းအသင်းကောင်းတယ် ဆိုပေမယ့် အားနည်းချက်တွေရှိပါတယ်၊ အဲဒီအားနည်းချက်အပေါ်မှာ အသုံးချနိုင်ရင် အခွင့်အရေးရမှာပဲ၊ ကစားသမားတွေကို စိတ်ဓာတ်ရေးရာပိုင်း မြှင့်တင်ပေးသလို၊ နည်းဗျူဟာပိုင်း ကျေညက်အောင်လဲ အထပ်ထပ်အခါခါ မှာကြားထားပါတယ်"**ဟု ပြောကြားသည်။

### အကောင်းဆုံးလူစာရင်း

နည်းပြချုပ် ဦးအေးကြူကြီးကလည်း **"အကြိုဗိုလ်လုပွဲမှာ ထိုင်းအသင်းက တစ်ဖက်အသင်းရဲ့ ကစားပုံကို မူတည်ပြီး နည်းဗျူဟာချမှတ်နိုင်ခဲ့လို့ ဗီယက်နမ်အသင်းကို အသာစီးရသွားတာလို့ မြင်ပါတယ်။ ထိုင်းအသင်းရတဲ့ဂိုးတွေက ဗီယက်နမ်အသင်းရဲ့ နောက်တန်းအားနည်းချက်ကြောင့်လဲပါတယ်။ ကျွန်တော်တို့အသင်းမှာ ပွဲပယ်ခံရသူလဲမရှိ၊ ဒဏ်ရာကြီးကြီးမားမားရသူလဲ မရှိလို့ အကောင်းဆုံးလူစာရင်းနဲ့ ပွဲထွက်ကစားမှာပါ။ အမာခံကစားသမားတွေကိုပဲ တာထွက်အသင်းမှာ ဦးစားပေးသုံးမှာပါ။ ထိုင်းနဲ့ဗိုလ်လုပွဲအတွက် မနေ့ညက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အပါအဝင် နည်းစနစ်ကော်မတီနဲ့ ကျွန်တော်တို့နည်းပြအဖွဲ့ ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ထားပါတယ်။ ဂိုးမပေးရရေးအတွက် ကစားမှာဖြစ်သလို ဂိုးရရှိရေးအတွက်လဲ တိုက်စစ်ပြန်ဆင်ပြီး ကစားမှာပါ။ ဒါကြောင့် ဗိုလ်လုပွဲမှာ အကောင်းဆုံးကစားနိုင်မှာပါ။မြန်မာ အယူအဆအတိုင်း နိုင်ပြီးရင်တော့ နိုင်ရမှာပါပဲ"**ဟု ပြောကြားသွားသည်။

### နောက်တန်းကျောက်ဆောင်

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ အနေအထားကို ချိန်ဆကြည့်မည်ဆိုပါက ထိုင်းအသင်းက တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှု၌ အလေးသာသကဲ့သို့ မြန်မာအသင်း၏ ဂိုးသမားမေခင်ယမင်း၏ တိကျသေချာမှုနှင့် နောက်တန်းကျောက်ဆောင်များ ဖြစ်ကြသည့် စန်းစန်းမော်(အသင်းခေါင်းဆောင်)၊ မိုးမိုးဝါနှင့် စန်းစန်းသိန်းတို့ကလည်း အားသာချက်ဖြစ်နေသည်။ ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ အီတလီအသင်းက ပြင်သစ်အသင်းကို ဂိုးသမားနှင့် နောက်တန်းအားသာချက်ဖြင့် အနိုင်ရရှိခဲ့ခြင်းကို အမှတ်ရကြဦးမည်ဆိုလျှင်ဖြင့် ...။

**(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

# အဲရစ်ဆင်နဲ့ မာတင်အိုနေးလ်တို့ထိပ်တိုက်ဆုံမယ့် ပရီမီယာလိဂ်ပွဲစဉ် (၆)

လန်ဒန် စက်တင်ဘာ ၁၄

**ပရီမီယာလိဂ်ပွဲစဉ်(၆) လက်ကျန်ပွဲတွေအဖြစ် စက်တင်ဘာ ၁၆ရက်နဲ့ ၁၇ရက်တွေမှာ မန်စီးတီးနဲ့ အက်စတွန်ဗီလာ၊ ဒါဘီနဲ့ နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ရာသီအစပွဲစဉ်တွေမှာ အောင်ပွဲတွေရခဲ့လို့ ပရိသတ်တွေ အာရုံစိုက်မှုခံခဲ့ရတဲ့ အဲရစ်ဆင်ရဲ့မန်စီးတီးအသင်းဟာလည်း ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတာကြောင့် လာမယ့် ပွဲစဉ်တွေမှာ အနိုင်ကစားရတော့မယ့် မန်စီးတီးရဲ့ အသွင်သစ်ကစားဟန်တွေက ပရိသတ်နှစ်သက်အောင် ရသတွေပေးတာကို မြင်တွေ့ရပါလိမ့်မယ်။**



**အဲရစ်ဆင် အက်စတွန်ဗီလာကို အနိုင်ရအောင် ဗျူဟာခင်းကျင်းနိုင်ပါ့မလား။** (ဓာတ်ပုံ-အင်တာနက်)

### မန်စီးတီးနှင့် အက်စတွန်ဗီလာ

အဝေးကွင်းရလဒ်မကောင်းပေမယ့် အိမ်ကွင်းမှာတော့ ခြေစွမ်းပြကစားနိုင်တဲ့ မန်စီးတီးအသင်းဟာ အက်စတွန်ဗီလာနဲ့ကစားခဲ့သမျှပွဲတွေမှာတော့ အသာစီးရခဲ့တာများပါတယ်။ ဒါပေမယ့် မန်စီးတီးဟာ ရှုံးပွဲနှစ်ပွဲ ဆက်တိုက်ကြုံတွေ့နေရချိန်မှာ အက်စတွန်ဗီလာတို့က နိုင်ပွဲတွေဆက်တိုက်ရပြီး စိတ်ဓာတ်တက်ကြွနေချိန်ဖြစ်ပါတယ်။

မန်စီးတီးနည်းပြ အဲရစ်ဆင်ဟာ ကစားသမားကောင်းတွေကို စုစည်းထားနိုင်ခဲ့ပေမယ့် တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာ အဆုံးသတ်ကောင်းမွန်တဲ့ တိုက်စစ်မှူးတွေရဲ့ လုပ်ဆောင်ချက်တွေ လိုအပ်နေသေးတာမို့ ပြင်ဆင်မှုတွေ ပြုလုပ်ရပါလိမ့်ဦးမယ်။

### သွင်းယူပေးထား

နောက်ပြီး အဲရစ်ဆင်ရဲ့ ၄-၄-၁-၁ အခင်းအကျင်းဟာ သူ့လူတွေနဲ့ အံဝင်ခွင်ကျမှုမရှိသေးတာမို့ ထက်မြက်တဲ့ တိုက်စစ်ကိုပုံမသွင်းနိုင်သေးတာလည်းဖြစ်ပါတယ်။အဲရစ်ဆင်ဟာ မန်စီးတီးတိုက်စစ်မှာ ဘီယန်ချီကို အထောင်ထားပြီး နောက်က ဂျီယိုဗန်နီကို အကူတိုက်စစ် ထားခဲ့ပေမယ့်ဂိုးတွေ ရသင့်သလောက် မရရှိခဲ့ပါဘူး၊ မန်စီးတီးဟာ အခုငါးပွဲကစားပြီးချိန်မှာ တိုက်စစ်မှူးတွေက လေးဂိုးပဲ သွင်းယူပေးထားနိုင်ပါသေးတယ်။

### အမှားအယွင်းမရှိ

မန်စီးတီးတိုက်စစ်ဟာ အားရစရာ မကောင်းပေမယ့် ခံစစ်ကတော့ မာကျောသိပ်သည်းတဲ့အနေအထားရှိပါတယ်။ မန်စီးတီးခံစစ်မှာ တော်လူတာ၊ရစ်ချက်၊ အိုနူတာနဲ့ ဂါရီဒိုတို့က အမှားအယွင်းမရှိဘဲ ကစားနိုင်တာကြောင့် ငါးပွဲကစားပြီးချိန်မှာ နှစ်ဂိုးသာအသွင်းခံထားရသေးတာပါ။

### နိုင်ပွဲလိုအပ်နေ

ဒါပေမယ့် အခု အက်စတွန်ဗီလာနဲ့ပွဲမှာ နောက်တန်းက ရစ်ချက် ပွဲပယ်ခံထားရလို့ မပါဝင်နိုင်တာ မန်စီးတီးအတွက် နစ်နာမှုတစ်ရပ်ပါပဲ။ဒါ့အပြင်ဘိုဂျီနော့ဗ်လည်းဒဏ်ရာရထားတာမို့ အဲရစ်ဆင်အတွက် လူစုံမထုတ်သုံးနိုင်တဲ့ အခြေအနေရှိပါတယ်။ မန်စီးတီးမှာ ဂိုးသမား ကတ်စပါရှမိုက်ကယ်က လက်စွမ်းပြနေတာကြောင့် ဒီပွဲမှာလည်း အဲရစ်ဆင်ဟာ ခံစစ်အားပြုတဲ့ ကစားဟန်နဲ့ပဲထွက်လာမှာဖြစ်ပါတယ်။ နိုင်ပွဲလိုအပ်နေပြီဖြစ်တဲ့ မန်စီးတီးဟာ ဒီပွဲမှာ အက်စတွန်ဗီလာကို အနိုင်ကစားပါလိမ့်မယ်။

### ရှုံးပွဲကြုံတတ်

ဒါပေမယ့် ချယ်လ်ဆီးကို အနိုင်ကစားထားတဲ့ အက်စတွန်ဗီလာရဲ့ခြေစွမ်းကလည်းလျှော့တွက်လို့မရပါဘူး။ အက်ရှ်လေယန်း၊ ဂျွန်တာရှူးနဲ့ အဘွန်လဟော်တို့ တိုက်စစ်အတွဲကိုပဲ ပွဲထုတ်လာမယ့် နည်းပြမာတင်အိုနေးလ်ရဲ့

#### ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ

အက်စတွန်ဗီလာဟာ အခု မန်စီးတီးနဲ့ ကစားမယ့်ပွဲမှာ ပက်ထရစ်ဘာဂါနဲ့ ဆိုရမ်ဆင်တို့ ဒဏ်ရာရရှိထားတာမို့ ပါဝင်နိုင်ဖို့ မသေချာပါဘူး။ အက်စတွန်ဗီလာဟာအသင်းလိုက် ကစားမှုနဲ့ စုစည်းမှုအားကောင်းပေမယ့် မန်စီးတီးကို အဝေးကွင်းမှာ ခက်ခက်ခဲခဲ ကစားရပါလိမ့်မယ်။ မန်စီးတီးနဲ့ ဆုံတိုင်း ရှုံးပွဲတွေကြုံတတ်တဲ့ အက်စတွန်ဗီလာဟာ ဒီပွဲမှာတော့ ရလဒ်ကောင်းအောင် ကစားနိုင်ပါ့မလားဆိုတာ စဉ်းစားစရာပါပဲ။ အကြိုက်က အက်စတွန်ဗီလာ ဆိုပေမယ့် မန်စီးတီးကို အားပေးချင်ပါတယ်။

### ဒါဘီနှင့် နယူးကာဆယ်

လူသစ်ဒါဘီကတော့ ပရီမီယာလိဂ်မှာ ငါးပွဲကစားပြီးချိန်၌ တစ်ပွဲမှနိုင်ပွဲမရသေးတာမို့ တန်းစီဇယား အောက်ဆုံးမှာ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ဒါဘီမှာ ဝေလတိုက်စစ်မှူး ရောဘတ်အန်းရှောတစ်ဦးသာ အားကိုးအားထားစရာရှိပါတယ်။ ရောဘတ်အန်းရှောဟာ တစ်ဖက်အသင်းနောက်တန်းကို မြန်နှုန်းမြင့် ဖြတ်ကျော်ဂိုးသွင်းနိုင်တဲ့ တိုက်စစ်မှူးပါပဲ။ ဒါပေမယ့် အသက် ၃၀ကျော်နေပြီဖြစ်တဲ့ ဒါဘီတိုက်စစ်မှူး မက်ကန်းနဲ့ စတိဗ်ဟောင်းဝပ်တို့က ရှေ့တန်းမှာ ဂိုးပေါက်ပျောက်နေတာမို့ စုစည်းမှုအားကောင်းတဲ့ တိုက်စစ်ဖြစ်မလာသေးပါဘူး။ အိမ်ကွင်းမှာအမြင့်ဆုံး ရလဒ်ဖြစ်တဲ့ တစ်ပွဲသာ သရေကစားထားနိုင်တဲ့ ဒါဘီကို နယူးကာဆယ်တို့ အနိုင်ကစားနိုင်ပါလိမ့်မယ်။



**မန်စီးတီးကို မာတင်အိုနေးလ် ကျော်ဖြတ်နိုင်ပါ့မလား။** (ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ်မှာ တိုက်စစ်မှူး မိုက်ကယ်အိုဝင် ပြန်ကစားနိုင်ပြီဖြစ်လို့ ဂိုးမိုးခေါင်နေတဲ့အဖြစ်က ကျော်လွှားနိုင်ပါလိမ့်မယ်။ နယူးကာဆယ်မှာ ဗီဒူကာ၊ မာတင်၊ အမီယိုဘီနဲ့ မိုက်ကယ်အိုဝင်တို့ဟာ ဒီပွဲမှာဒါဘီကို ဂိုးပြတ်သွင်းနိုင်မှုရှိ၊ မရှိစောင့်ကြည့်ရပါလိမ့်မယ်။ နယူးကာဆယ်ဟာ ဒီနှစ်မှာ ပရီမီယာလိဂ် ထိပ်တန်း အသင်းကြီးတွေကို ခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းရှိတယ်လို့ ဆိုထားပေမယ့် အခုချိန်အထိ တူတူတန်တန်ခြေစွမ်းတော့ မပြနိုင်သေးပါဘူး။

### နိုင်ပွဲလိုအပ်နေ

ဒါပေမယ့် ဒီနှစ်မှာ အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်း ပုံမှန်နီးပါးပြန်ရလာတဲ့ နယူးကာဆယ်ဟာ ဒါဘီကို အဝေးကွင်း ဆိုပေမယ့် သုံးမှတ်အပြည့်ရယူပြီး အိမ်ပြန်မျက်နှာပန်းလှမယ့် အနေအထားရှိနေပါတယ်။ အခုပွဲမှာ ဒါဘီတို့ အိမ်ကွင်းဆိုပေမယ့် ဂိုးမပြတ်အောင်နဲ့ အမြင့်ဆုံးသရေဆိုတဲ့ ရလဒ်လောက်အထိပဲ ရည်မှန်းချက်ထားနိုင်မှာပါ။ ဒါပေမယ့် တန်းမဆင်းရရေးကို ဦးတည်နေရတဲ့ ဒါဘီဟာ နိုင်ပွဲစတင်ရဖို့အတွက် နယူးကာဆယ်ကို ခံကစားသွားနိုင်ပါတယ်။ နယူးကာဆယ်မှာ လူစုံပြန်ကစားနိုင်နေပြီဖြစ်လို့ ဒါဘီအတွက် သရေဆိုတာကလည်းဖြစ်နိုင်မှုနည်းတဲ့ မျှော်မှန်းချက်ဖြစ်နေပါကြောင်း တင်ပြလိုက်ပါတယ်။ ။

**(ကိုးကား-အင်တာနက်)**

---

စုစည်းတင်ပြသူ
မြင့်မောင်စိုး

# ဗီလာ၏ ပထမဂိုးသမားနေရာအတွက် ဆိုရမ်ဆင်ကြိုးစားသွားမည်ဟုဆို



**အက်စတွန်ဗီလာ ဂိုးသမား ဆိုရမ်ဆင်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၄**

အက်စတွန်ဗီလာဂိုးသမား သောမက်စ်ဆိုရမ်ဆင်အသင်းမှ ထွက်ခွာလိမ့်မည်ဟု သတင်းများ ထွက်ပေါ်လာခြင်းကို ၎င်းက မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်သည်။

**နေရာမရ**

အသက် ၃၁နှစ်ရှိ ဒိန်းမတ်လက်ရွေးစင်ဂိုးသမား ဆိုရမ်ဆင်သည် လီဗာပူးဂိုးသမား စကော့ကာဆင်ကို ငှားထားသဖြင့် ပထမလူထွက်စာရင်း နေရာမရဖြစ်နေသည်။

**ကြိုးစားသွားမည်**

ဆိုရမ်ဆင်သည် ၂၀၀၃ခုနှစ် ဩဂုတ်လက ဆန်းဒါးလန်းမှ အက်စတွန်ဗီလာသို့ ပေါင်နှစ်သန်းခွဲဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်း၏ လက်ရှိစာချုပ်မှာ တစ်နှစ်ကျော်ကြာ ကျန်ရှိနေသေးသည်။ ဂိုးသမားဆိုရမ်ဆင်က အက်စတွန်ဗီလာအသင်းတွင် ပထမဂိုးသမားနေရာရရှိရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**(အင်တာနက်)**

---

# ဆန်းဒါးလန်း၏အဓိက ကစားသမားနှစ်ဦး ဒဏ်ရာရနေ၍ ရှိုင်ကိန်းရုန်းကန်ရမည်

လန်ဒန် စက်တင်ဘာ ၁၄

**ဆန်းဒါးလန်း တောင်ပံကစားသမားများဖြစ်ကြသည့် ရစ်ချက်ဆင်နှင့်ကားလို့စ်အက်ဒ်ဝပ်တို့သည် ဒဏ်ရာများရထားသဖြင့် ပြိုင်ပွဲများနှင့် ဆက်လက်လွဲမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

**လွဲမည်**

**အသက် ၂၂နှစ်ရှိ ရစ်ချတ်ဆင်သည် ကျောရိုးဒဏ်ရာကြောင့် သုံးလအနားယူရမည်ဖြစ်သည်။ အက်ဒ်ဝပ်သည် တံကောက်ကြော ဒဏ်ရာကြောင့် ပြိုင်ပွဲလေးပွဲလွဲမည်ဖြစ်သည်။ ၎င်းသည် လေ့ကျင့်မှုပြုစဉ် ဒဏ်ရာရခြင်းဖြစ်သည်။**



ဆန်းဒါးလန်းအသင်း၏ အဓိက ကစားသမားများဖြစ်သည့် အက်ဒ်ဝပ် **(ဝဲ)**နှင့် ရစ်ချတ်ဆင်။ **(ဓာတ်ပုံ-အင်တာနက်)**

**ရုန်းကန်ကြိုးစား**

**အဆိုပါ ကစားသမားနှစ်ဦး ဒဏ်ရာရထားသဖြင့် နည်းပြရှိုင်ကိန်း လာမည့်ပြိုင်ပွဲများတွင် ရုန်းကန်ရလိမ့်မည်ဖြစ်သည်။**

(ဓာတ်ပုံ-အင်တာနက်)

---

# ကွင်းလယ်ကစားသမားဘောလက်အား ရီးရဲနည်းပြခေါ်ယူရန်ကြိုးစား



**ရီးရဲမက်ဒရစ်နည်းပြ ဘန်းရှူးစတား** (ဝဲ)**နှင့် မိုက်ကယ်ဘောလက်။** (ဓာတ်ပုံ-အင်တာနက်)

**မက်ဒရစ် စက်တင်ဘာ ၁၄**

ချယ်လ်ဆီး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာမည်ဆိုလျှင် အမြဲတမ်းတံခါးဖွင့် ကြိုဆိုနေမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်း နည်းပြဘန်းရှူးစတားက ပြောကြားလိုက်သည်။

### မအောင်မြင်

အဆိုပါ ကွင်းလယ် ကစားသမားအား ခေါ်ယူရန် ရီးရဲမက်ဒရစ်နှင့် ချယ်လ်ဆီးအသင်းတို့အကြား နွေရာသီကတည်းက ဆွေးနွေးလျက်ရှိရာ လုပ်ခလစာနှင့်ပတ်သက်၍ ညှိနှိုင်းမရသဖြင့် ခေါ်ယူစာချုပ်ရေးကိစ္စ မအောင်မြင်ခဲ့ပေ။

အသက် ၃၀ရှိ မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးအသင်း၏ ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများတွင် နာမည်စာရင်း ချန်လှပ်ခြင်း ခံထားရသည်။

### လွှဲပြောင်းရယူ

ဂျာမနီနိုင်ငံသား နည်းပြဘန်းရှူးစတားသည် ရီးရဲမက်ဒရစ်အသင်းအား ကာပယ်လိုထံမှ လွှဲပြောင်းရယူခဲ့ပြီးနောက် မိုက်ကယ်ဘောလက်ကို ခေါ်ယူရန် အဆက်အသွယ်ပြုလုပ်ခဲ့သည်။

### ခြေစွမ်းမပြနိုင်

ဘောလက်သည် ၂၀၀၆ ခုနှစ် နွေရာသီက ဘိုင်ယန်မြူးနစ်မှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့သည့် ပထမဆုံးနှစ်၌ပင် ခြေမျက်စိဒဏ်ရာကြောင့် ခြေစွမ်းမပြနိုင်ခဲ့ပေ။

**(အင်တာနက်)**

# ဒေသခံပြည်သူတို့၏ ဆန္ဒကိုဖြည့်ဆည်းပေးလိုက်သော ဂွေးချိုရေလှောင်တမံ

**အသက်ကယ်တဲ့ ရှည်စေလို။**
**မြနန္ဒာ ရေညိုသန်းတယ်**
**မန်းတောင်ရိပ်ခို။**
**ခေါင်းလောင်းသံ ချိုချိုနဲ့**
**ရွှေဇာဟိုရ် စည်သံဟိန်းတယ်**
**ဘေးရန်ကငြိမ်း။**

မန်းတောင်ရိပ်ကို ခိုရမည်လား၊ စစ်ကိုင်းတောင်ရိပ်ကို ခိုရမည်လား၊ ပုပ္ပားတောင်ရိပ်ကို ခိုရမည်လား၊ စာရေးသူတို့၏ အညာခရီးစဉ်တွင်မူ ရှင်မတောင်ကြီးအရိပ်ကို ခိုခဲ့ရပါပြီ။

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဂွေးချိုကျေးရွာအနီး ဆင်မဝင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး တမံအလျားပေ ၂၁၀၀၊ အမြင့် ၅၇ပေရှိသည့် လယ်မြေဧက ၄၀၀ ဆည်ရေ ပေးဝေနိုင်မည့် ဂွေးချိုရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ရှင်မတောင် တောင်တန်းကြီး နောက်ခံပြု၍ ထင်ရှားစွာတွေ့မြင်နေရသည်။

သလ္လာဝတီမြစ်ကမ်း ရစ်ခွေစီးဆင်းနေသည့် ချင်းတွင်းမြစ်ရေပြင် ကျယ်ကြီးဘေးတွင် ဆင်ဖြူရှင်တံတားကြီးကို ကျော်ဖြတ်လိုက်သည့်အခါ တမာတန်းမှ လက်ကမ်း၍ ကြိုနေခဲ့သည်။ တမာ၊ ထနောင်း၊ ရှားစောင်းနှင့် အညာက မွန်းနံ့ချုန့်ဘေးတွင်မူ ဆူးပုတ်တွေပွင့်နေ၏။

ထန်းပင်၊ ထန်းတောများကိုလည်း လွမ်းမောစရာ တွေ့ရသည်။ ရှင်မတောင်သနပ်ခါးနံ့က စာရေးသူတို့နှာဝတွင်မွှေးပျံ့ကြိုင်လှိုင်နေသည်။ ရွက်သေးစိတ်စိတ်၊သီးကွေးလိပ်တို့ပေါ်များလှသော မန်ကျည်းပင်တန်းများက အစီအရီခံ့ညားစွာ ပေါက်ရောက်လျက်ရှိသည်။ တစ်ဖက်သို့ လှည့်ကြည့်လိုက်လျှင် ချင်းတွင်းမြစ်ထဲတွင် ငှက်သမ္ဘန်များဖြင့် ရေစကြို ဘက်သို့တက်၍ ထန်းလျက်တောင်သူတို့ ထန်းလျက်တက်ရောင်း ကြသည် ကို တွေ့ရသည်။

မကွေးတိုင်း ပခုက္ကူခရိုင်သည် မြန်မာပြည်အလယ်ပိုင်း မိုးနည်း၍ ပူပြင်းခြောက်သွေ့သောဒေသဖြစ်ပြီး နှစ်စဉ်မိုးရေချိန် ၁၉လက်မမှ ၂၆ လက်မခန့်သာ ရွာသွန်းလေ့ရှိသည်။ ဒေသအတွင်း စိမ်းလန်းစိုပြည် ရေးနှင့် ဒေသဆန်ဖူလုံစေရေးတို့အတွက် ရွာသွန်းသည့်မိုးရေကို အလဟဿ မဖြစ်စေဘဲ ဆည်၊ ကန်များတည်ဆောက်၍ ရေပေးဝေနိုင်ရန် နိုင်ငံတော် အကြီးအကဲက လမ်းညွှန်မှု ပြုခဲ့ပေသည်။

## ပွင့်တမာ–အညာမြေ

စာရေးသူတို့ကားလေး တမာတန်းသို့ ဖြတ်သန်းသွားသောအခါ လယ်ကွင်းပြင်ဆီက ထနောင်းပင်ယံပေါ်တွင် ချိုးနှစ်ကောင်မှာ လွမ်းစဖွယ် ကူခွဲနေကြသည်။ အညာအလှ၊ အညာသဘာဝ၌ အညာလေ၊အညာရေနှင့် အညာဒေသ၏ အတွေးအခေါ်များကို ခြုံငုံသုံးသပ်လိုက်သည့်အခါ အညာဆိုသည်မှာ မြန်မာပါပဲဟု ခံစားမိသည်။ ပဲ၊ပြောင်း၊နှမ်း၊ဝါ မြေမှာ မလပ်မြန်မာ့မြေမှာ မြန်မာ့တောင်သူတို့ စိုက်ပျိုးခဲ့ကြသည်။ ရွှေပဒေသာ မြေမှာသီးခဲ့သည့် ရွှေအညာဖြစ်သည်။

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက် ရေး(၃)က တည်ဆောက်ပြီးစီးသွားသော ဂွေးချိုရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၉ရက် နံနက် ၉နာရီက အဆိုပါ ရေလှောင် တမံ၌ကျင်းပခဲ့ရာ စာရေးသူတက်ရောက်ခွင့် ရခဲ့သည်။

ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံငယ် (၇၁)ခုကို စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့သည်။ ဆည်ငယ်၊ တမံငယ် (၇၁)ခုအနက် ကျန်ရှိသည့် (၄၇) ခု အကျိုးပြုဧရိယာ ၇၅၈၂ဧကကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည်။

ယခုဖွင့်လှစ်လိုက်သော ဂွေးချိုတမံအပါအဝင် ဆည်၊ တမံစုစုပေါင်း (၂၉)ခု တည်ဆောက်ပြီးဖြစ်၍ ဆည်ရေသောက်ဧရိယာ ၄၄၉၇ဧက တိုးချဲ့စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အသေးစား ဆည်၊ ကန်၊ တမံငယ်များ စီမံကိန်း၏ရလဒ်ဖြစ်သည့် ဂွေးချိုရေလှောင် တမံသည် ဒေသခံတောင်သူများအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ် နိုင်သည့် စီးပွားရေးအထောက်အကူပြု အမွေအနှစ်ဖြစ်၍ ရေလှောင်တမံ များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး ရေလှောင်တမံ၏ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်အောင် ရေပေးမြောင်း စနစ်များ မပျက်စီးအောင် ဆည်မြောင်းတာတမံ စည်းကမ်းများနှင့်အညီ ဒေသခံပြည်သူများက တာဝန်သိသိ ညီညီညွတ်ညွတ် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်သည်။

ယခုဖွင့်လှစ်သည့် ဂွေးချိုရေလှောင်တမံသည် ပခုက္ကူခရိုင် စိမ်းလန်း စိုပြည်ရေး အစီအစဉ်ဖြင့် အကောင်အထည်ဖော်ခဲ့သည့် အသေးစား ရေလှောင်တမံတစ်ခုဖြစ်ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၈၈ ခုနှစ် နောက်ပိုင်း ဖွင့်လှစ်ခဲ့သော ၂၀၂ခု မြောက်ဆည်မြောင်းစီမံကိန်း ဖြစ်ပါသည်။ ဒေသခံတောင်သူကြီးများအနေဖြင့် **လယ်ယာကုန်ထုတ်လုပ်မှု တိုးတက် မြင့်မားရေးအတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုကို အမိအရအသုံးချ ကြိုးပမ်းဆောင်ရွက်**သွားကြရန် ဖြစ်သည်။

ဂွေးချိုရေလှောင်တမံသည် ဆင်မဝင်းချောင်းပေါ်တွင် တည်ဆောက် ထားပြီး မြေသားတမံအမြင့် ၅၇ပေ၊ အလျား ပေ ၂၁၀၀ရှိကာ ကန်ရေ ပြည့်ရေလှောင်ပမာဏ ဧကပေ ၁၈၄၀ရှိသည်။ အကျိုးပြုဧကမှာ ဧက ၄၀၀ ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် ရေရှားပါးခဲ့၍ **"ရွှေကိုမလို၊ ရေကိုသာလို သည်"**ဟု ရေကိုသာ အာသာဆန္ဒပြင်းပြစွာ တောင်းတခဲ့ကြသော အညာဒေသအတွက် နိုင်ငံတော်က သန့်ရှင်းသောသောက်သုံးရေ ပြည့်စုံ ရေး၊ စိုက်ပျိုးရေ လုံလောက်ရေးတို့အတွက် အခါမလပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိသည်။

ပခုက္ကူခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေး အစီအစဉ်ဖြင့် ယခုကဲ့သို့ ဂွေးချိုရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ တော်၏စေတနာမှန်ကို ထင်ဟပ်ပြလိုက်ခြင်း ဖြစ်ပါကြောင်းနှင့် ဒေသခံ ပြည်သူများကလည်း ဝမ်းသာအားရရှိနေကြပြီး အဆိုပါရေလှောင်တမံ အရှည်သဖြင့် တည်တံ့ကြံ့ခိုင်ရေးအတွက် ကျရာကဏ္ဍမှ တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် အသင့်ရှိနေကြပုံကို မျက်မြင် ကိုယ်တွေ့သိမြင်ခံစားခဲ့ရကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုကို အမိအရအသုံးချ ကြိုးပမ်းဆောင်ရွက်။



**မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဂွေးချိုကျေးရွာအနီး ဆင်မဝင်းချောင်းကိုပိတ်၍ တမံအလျား ပေ ၂၁၀၀၊ အမြင့် ၅၇ ပေရှိပြီး လယ်မြေဧက ၄၀၀ ဆည်ရေပေးဝေနိုင်မည့် ဂွေးချိုရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ရှင်မတောင် တောင်တန်းနောက်ခံပြု၍ ဤသို့ တွေ့ရသည်။** (မြန်မာ့အလင်း)



**ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းကျေးရွာ စက်ရေတွင်းမှ အင်ဂျင်နှင့်လေမှုတ် စက်များ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင် နီယာ(၂) ဦးကျော်မင်းနိုင် ကြပ်မတ်ပေးစဉ်။** (မြို့နယ်စည်ပင်)

## စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**စဉ့်ကူး စက်တင်ဘာ ၁၀**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ အလှူရှင် စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးဗိုလ်ချုပ်–ဒေါ်ချောစုလှိုင်၊ သား မောင်ကျော်စည်သူဗိုလ်၊ မောင်ဟိန်းစည်သူဗိုလ်၊ သမီး မယွန်းဧကရီဗိုလ်(ဧကရီ) ရွှေဆိုင် မိသားစုတို့က ငွေကျပ်၃၂သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ၁ရက် မွန်းတည့်၁၂နာရီက မြို့နယ်သာသနာ့ဗိမာန်တော်၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဆန်နီက ဂုဏ်ပြုအမှာစကား ပြောကြားပြီး အလှူရှင် ဦးဗိုလ်ချုပ်–ဒေါ်ချောစုလှိုင် မိသားစုတို့က ခွဲစုပ်စက် တစ်ခု၊ သွေးချိုတိုင်း မီတာတစ်ခု၊ ကွန်ပျူတာနှင့် ပရင်တာတစ်စုံနှင့် ခွဲစိတ်ခန်းသုံး သွေးပေါင်ချိန်တိုင်း ကိရိယာတို့ကို မြို့နယ်ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန် ဒေါက်တာလှလှကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**



# နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအားဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော် ပျဉ်းမနားခရိုင်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။ *စာမျက်နှာ ၉ ကော်လံ ၁*



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ပျဉ်းမနားခရိုင် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ထိုင်းက တစ်ဦးချင်းကျွမ်းကျင်မှု အလေးသာ ဂိုးသမားနှင့် နောက်တန်း မြန်မာက အားသာချက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယ နေရာလုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၅ရက် **(ယနေ့)** ညနေပိုင်းတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်သည်။

**သတင်းဆောင်းပါး ကိုထွေး**

### ယှဉ်ပြိုင်ကစားရမည်

ညနေ ၃နာရီတွင် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အမျိုးသမီး ဘောလုံးအသင်းနှင့် မလေးရှား အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ညနေ ၅ နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲစဉ် အဖြစ် အိမ်ရှင်မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁*

## မြန်မာနှင့်ထိုင်း ဗိုလ်လုပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် စက်တင်ဘာ ၁၄

**တတိယအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မြန်မာအမျိုးသမီးဘောလုံး အသင်းနှင့်ထိုင်းအမျိုးသမီး ဘောလုံးအသင်း တို့၏ ယှဉ်ပြိုင်ကစားကြပုံများကို ယနေ့ ညနေ ၅နာရီ မိနစ်၂၀တွင် မြန်မာ့ရုပ်မြင် သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

## ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းသစ်ကြီး ဆက်သွယ်သွားလာမှုလွယ်ကူပြီး ကုန်စည်စီးဆင်းမှုချောမွေ့ ယောနှင့် ချင်းတောင်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိ



**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ – ကလေး ဝင်းသူ**

**ရန်ကုန် စက်တင်ဘာ ၁၄**

**“ပူး––ပေါ်––ပူးပေါ်၊ ပေါ်ပူး––ပေါ်ပူး”**

ယင်းအသံကား နေ့စဉ်နံနက်တိုင်း ချင်းတောင်ခြေတွင် ကြားနေကြရသော အသံဖြစ်သည်။ ကလေး– ဂန့်ဂေါသွား စည်သာကျေးရွာရှိ ကားလမ်းနှင့် ရထားလမ်းအကူး ရထားဥသြဆွဲသံနှင့် နတ်ချောင်းဘူတာ အရောက် ဥသြဆွဲသံများပင်ဖြစ်သည်။

### ဥသြဆွဲသံ

တစ်ခါတစ်ရံ ကလေးမြို့ဘူတာရုံမှ ဂန့်ဂေါသို့အထွက် နံနက်စောစော ၅နာရီတွင် ကလေးမြို့ပေါ်က ကြားနေကြရသော ရထားဥသြဆွဲသံပင် ဖြစ်သည်။ ကလေး–ဂန့်ဂေါ ရထားလမ်းသစ်ကို ၁၉၉၆ခုနှစ် ဖေဖော်ဝါရီ ၅ရက်က စတင်ပြေးဆွဲဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုပါလျှင် ရထားလမ်း ဖွင့်လှစ်ပြေးဆွဲခဲ့သည်မှာ ၁၀နှစ်တင်းတင်း ပြည့်ခဲ့၍ ခုနစ်လပင်စွန်းခဲ့ပါပြီ။

**ပခုက္ကူနှင့် ဂန့်ဂေါအကြား ပုံညာတောင်ကြောတစ်လျှောက်တွင် ရထားကြီး ခုတ်မောင်းပြေးဆွဲနေသည်ကို ဤသို့ တွေ့ရသည်။**

**“ချင်းတောင်ဒေသ၊ ကလေးဒေသနှင့် ဂန့်ဂေါနှင့် ယောဒေသမှာ နိုင်ငံတော်၏ အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှု နောက်ကျသည့် အနေအထားတွင် တည်ရှိကြောင်း၊ နိုင်ငံတော်၏ အခြားဒေသများနည်းတူ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် သွားလာမှု လွယ်ကူအဆင်ပြေစေရန် နိုင်ငံတော်အစိုးရက ယခုကဲ့သို့ စီစဉ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ”** *စာမျက်နှာ ၉ ကော်လံ ၄*

## NLD ပါတီခေါင်းဆောင်များသည် နိုင်ငံရေးနှင့် ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေသဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၅၀ စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျားမင်းကြီးကျေးရွာနေ ဦးစိန်ထွန်း၊ ဦးဟန်အေး၊ ဆင်တပ်ကျေးရွာနေ ဦးတင်မောင်၊ သာဇင်ကျေးရွာနေ ဦးဖိုးချန်၊ ညောင်ပင်ဇင်ကျေးရွာနေ ဦးညွန့်လှိုင်၊ ယင်းမာကြင်းကျေးရွာနေ ဦးငွေချန်၊ ဦးစိန်ဝင်း၊ ဦးမောင်တင်၊ ရွာမကျေးရွာနေ ဦးမောင်ရီ၊ ဆင်မြေကျေးရွာနေ ဦးဖိုးကံ၊ တစ်အိမ်တည်းကျေးရွာနေ ဦးသောင်းလှ၊ စကျင်ကျေးရွာနေ ဦးစိန်ဝင်းတို့ အပါအဝင် ပါတီဝင် ၅၀တို့သည် စက်တင်ဘာ ၆ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

### စိတ်ဝမ်းကွဲပြား

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီ(ဗဟို) သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိကြောင်း၊ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေပြီး ဒေသဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်မှုမရှိကြောင်း၊ ပါတီခေါင်းဆောင်များ အာဏာမက်မောပြီး ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်မှုများကိုသာ တွေ့မြင်နေရသဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**